မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၆)

ရေနှင့်မြေသယံဇာတများ အပြည့်အဝတိုးချဲ့အသုံးပြု

- ပဲခူးတိုင်းအနေဖြင့် တိုးတက်ဖွံ့ဖြိုးမှုများ မြောက်မြားစွာဖြစ်ပေါ်နေပြီးဖြစ်၊ ယင်းတိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရင်း ပိုမိုတိုးတက်သည်ထက် တိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်၊
- လူဆိုသည်မှာ မိမိဘဝတိုးတက်ရေးအတွက် မရပ်မနားကြိုးစားနေရသည်ဖြစ်ရာ မိမိတိုင်း မိမိဒေသပိုမိုဖွံ့ဖြိုးတိုးတက်နေအောင် အမြဲကြိုးစည်ကြိုးပမ်း၊
- ပဲခူးတိုင်းသည် လုံလောက်သည့်လူဦးရေရှိပြီး ရေနှင့်မြေ သယံဇာတ ပေါကြွယ်ဝသည့် တိုင်းနယ်မြေဖြစ်၊
- အရေးကြီးသည်မှာ မိမိတိုင်းအတွင်းရှိ ရေနှင့်မြေသယံဇာတများကို အပြည့်အဝတိုးချဲ့အသုံးပြုနိုင်ရန်ဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း၏ တိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရင်း ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက် တိုင်းအတွင်းရှိ ပြည်သူများ၏လူနေမှုဘဝ အဆင့်မြင့်မားရေးရည်မှန်းပြီး ချမှတ်တာဝန်ပေးထား အဓိကသီးနှံအလိုက် ချမှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းရရှိရေး ဖိဖိစီးစီးလုပ်ကိုင်

ရန်ကုန် မတ် ၁၄

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ် ၁၃ ရက် နံနက် ၉ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။ *ကျောဖုံးသို့*

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၅ ရက်)

ခရီးသွားများစိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး အပန်းဖြေစခန်းများ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရေမြေသဘာဝ တောတောင်ရှုခင်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာ နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် လုံခြုံမှုရှိပြီး ဆွဲဆောင်မှုရှိသည့်နိုင်ငံဖြစ်ပြီး အပန်းဖြေစရာကမ်းခြေများ၊ သာယာလှပသည့် တောင်ပေါ်စခန်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာ လက်ရာများ စုံလင်သည်။

မြန်မာနိုင်ငံ၏ ရာသီဥတုအနေအထားအရ တစ်နှစ်ပတ်လုံး ခရီးသွားလာနိုင်ကြောင်း ကမ္ဘာက သိရှိထားပြီး ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က အားပေးမြှင့်တင် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ်လ ၁၂ရက်နေ့က ပဲခူးတိုင်း တောင်ငူမြို့ ကန်တော်ကြီး သာယာလှပရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်စခန်းမြို့ သာယာလှပမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"ပြင်ဦးလွင်မြို့၊ ကလောမြို့တို့ကဲ့သို့ သံတောင်–တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏ တောင်ပေါ် အပန်းဖြေစခန်းဖြစ်အောင် တည်ဆောက်သွားရန်၊ ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်း တစ်ခုဖြစ်အောင် အဆင့်ဆင့် တည်ဆောက်သွားရန်"

မှာကြားသွားသည်။

သံတောင်–တောင်စခန်းမြို့သည် ကရင်ပြည်နယ် သံတောင်မြို့နယ်တွင်ရှိသည့် သာယာလှပသည့် တောင်စခန်းမြို့ ဖြစ်သည်။ တောင်ငူမြို့မှ ၂၈မိုင်သာ ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၀၅၀တွင် တည်ရှိသည်။ အပန်းဖြေခရီးသွားလိုသူများအတွက် ကားလမ်းဖြင့် အလွယ်တကူ သွားရောက်အပန်းဖြေနိုင်သည့် တောင်ပေါ်အပန်းဖြေစခန်းမြို့လေးဖြစ်သည်။ သံတောင်–တောင်စခန်းမြို့၌ ဟိုတယ်ဇုန် သုံးဇုန်သတ်မှတ်ထားပြီး တည်းခိုဆောင်များ ဆောက်လုပ်လျက် ရှိသည်။

သံတောင်–တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက မြို့သာယာ လှပရေး ဆောင်ရွက်ထားပြီး ၁၈ မိုင်ရှည်သည့် သံတောင်ကြီး–လိပ်သိုလမ်းကို တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ကားလမ်း ဘေးဝဲယာတစ်လျှောက် စင်ကိုနာပင်များ စိုက်ပျိုးထားသည်။ သံတောင်မြို့ အဆင့်မြှင့်တင်ခြင်း၊ တောင်စခန်းမြို့ တည်ဆောက်ခြင်း၊ တောင်စခန်းမြို့သွားရာလမ်း တိုးတက်ကောင်းမွန်စေရန်ဆောင်ရွက်ခြင်းနှင့်အတူ တောင်စခန်းမြို့ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်က ဟိုတယ်ဇုန်များ သတ်မှတ်ချထားပေးခဲ့ရာ တိုင်းရင်းသားလုပ်ငန်းရှင်များက အပန်းဖြေ အနားယူနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ထားပြီး အပန်းဖြေသူများ လာရောက်လျက်ရှိကြသည်။ တောင်စခန်းမြို့တွင် (၁၆)ခုတင်ဆံ့ ဆေးရုံထားရှိပြီး ကော်ဖီ၊ လက်ဖက်၊ ဖာလာ၊ ငရုတ်ကောင်း၊ စင်ကိုနာ၊ တညင်း၊ ဒူးရင်းပင်များ စိုက်ပျိုးထားရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး၊ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုရောက်ရှိလာပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန် အပန်းဖြေစခန်းများကို နိုင်ငံတော်တစ်ဝန်းတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် တစ်သန်းလာရောက်နိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ခရီးသွားမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းပြည်ပမှ ခရီးသွားတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန်အတွက် ပြင်ဦးလွင်နှင့် ကလောမြို့တို့ကဲ့သို့ ဆွဲဆောင်မှုရှိသည့် အပန်းဖြေ စခန်းအဖြစ် သံတောင်–တောင်စခန်းမြို့ကို ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော် သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းတုန်းမြို့နယ် ကျေးရွာလုံးကျွတ် အသင်းဝင်အဆိုပြုလွှာပေးအပ် ကျေးရွာဆိုင်းဘုတ်တင်ပွဲနှင့် ရေအားလျှပ်စစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

မင်းတုန်းမြို့နယ် ကြို့ကုန်းကျေးရွာ ရွာလုံးကျွတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ၊ ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲနှင့် ရေအားလျှပ်စစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ရက် နံနက် ၇နာရီက ကျင်းပရာ ရှေးဦးစွာ ကျေးရွာဆိုင်းဘုတ်ကို မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေနှင့် မင်းတုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သရက်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အေးနှင့် ဦးဇော်မင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့က ရေအားလျှပ်စစ်နှင့် ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဝင်အဆိုပြုလွှာ အစောင် ၄၅၀ ကို ကျေးရွာသုံးရွာမှ စည်းရုံးရေးမှူးများက ပေးအပ်ရာ မင်းတုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးက လက်ခံပြီး သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ် ၆၄၀၀၀နှင့် မင်းတုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေ ကျပ် ၃၀၀၀၀ကို အဆိုပါ ကြို့ကုန်းကျေးရွာသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄–၂၀၀၅ ခု ပညာသင်နှစ် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ရက်က ကျင်းပရာ ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ချိုသန်းက သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်စဉ်။ (၁၂၉)

ရန်ကုန်တိုင်း မီးသတ် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းတွင် မတ် ၁၀ ရက်က မီးဘေးကြိုတင်ကာကွယ် တားဆီးရေး အသိပညာပေး ဟောပြောစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၅–၃–၂၀၀၅

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပာန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Cost Accounting (ဒုတိယနှစ်–စီးပွားရေး၊ စီးပွားစီမံ)
- ၅း၃၀ ၉။ ပညာခေတ်
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ ကြမ္မာ"** (အပိုင်း–၁)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၂၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အပြည်ပြည် ဆိုင်ရာ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-မလေးရှားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် မတ် ၁၄

မြန်မာ-မလေးရှား စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မလေးရှားနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ ဝန်ကြီးဌာနများအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ မလေးရှားနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ယခုနှီးနှောဖလှယ်ပွဲမှ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ကဏ္ဍပေါင်းစုံ တွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဦးသောင်းက မြန်မာ-မလေးရှားစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ဧည့်သည်တော် မလေးရှားနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးက မလေးရှား-မြန်မာစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော မြန်မာနှင့်မလေးရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ၏ ဆွေးနွေးမေးမြန်းကြသည်များကို မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ၂နာရီခွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် မလေးရှားနိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့ဝင်များတွေ့ဆုံ၍ မြန်မာ-မလေးရှားစီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများအကြောင်းကို မိမိတို့ စိတ်ဝင်စားရာ ကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြပြီး မြန်မာ-မလေးရှား စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz ခေါင်းဆောင်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန်နေ့ညနေပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က မြန်မာကွန်ဗင်းရှင်းစင်တာ၌ မြန်မာ့ထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ မလေးရှားနိုင်ငံမှ ရောက်ရှိလာသော စီးပွားရေးလုပ်ငန်းရှင် ၅၀ ကျော်တို့က မေးမြန်းဆွေးနွေး လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုံးကျော်တံတားတည်ဆောက်စဉ် ခေတ္တလမ်းပိတ်ထားမည်

ရန်ကုန် မတ် ၁၄

မြောက်ဥက္ကလာပမြို့နယ်အတွင်း ကျောက်ရေတွင်း ခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မတ် ၂၀ ရက်တွင် စတင် တည်ဆောက်မည်ဖြစ်သဖြင့် ကျောက်ရေတွင်းလမ်းကို သုခမ္မာလမ်းဆုံမှ ဂျိုးဖြူရေပိုက်ကျော်တံတားအထိ လမ်းအသုံးပြုခြင်းကို ၂၀၀၅ ခုနှစ် မတ် ၁၆ ရက်မှ စတင်၍ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့်ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်းစက်မှုဇုန်နှင့် အသေးစားချေးငွေလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၄

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက်တွင် မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဇုန်လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ရေနံချောင်း စက်မှုဇုန်ကို နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များအဓိကထုတ်လုပ်သော စက်မှုဇုန်အဖြစ် ဆောင်ရွက်ရန်၊ ဆိုင်ကယ်များအတွက် လိုအပ်သော အစိတ်အပိုင်းများကို ဇုန်အတွင်း၌ အများအပြားထုတ်လုပ်နိုင်ရန် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ထုတ်လုပ်သည့် ဆိုင်ကယ်နှင့်ကားများ၊ ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရေး၊ အရေအတွက်များများ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့ မြကြေးမုံ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းများလက်ကားရောင်းဝယ်ရေးသမဝါယမအသင်းသို့ရောက်ရှိပြီး အသင်းက ဆောင်ရွက်လျက်ရှိသော ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပြောင်းနှင့်မန်ကျည်းသီးများ သိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ပြည်ပတင်ပို့မှုတို့ကို ပိုမိုကြိုးစားဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ဒဝါးကျေးရွာသို့ရောက်ရှိပြီး အသေးစားချေးငွေ ဝန်ဆောင်မှုလုပ်ငန်းမှ ချေးငွေရယူပြီး လုပ်ငန်းထူထောင်ဆောင်ရွက်လျက်ရှိသော ရွာသူ ရွာသားများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ၎င်းတို့၏ အတွေ့အကြုံနှင့် လုပ်ငန်းပမာဏ၊ အကျိုးရှိမှုတို့ကို မေးမြန်းရာ လုပ်ငန်းဆောင်ရွက်နေကြသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက ရွာသူ ရွာသားများအား လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေး မှာကြားသည်။

အဆိုပါ အသေးစားချေးငွေဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗီယက်နမ်နှင့် ဂျပန်နှစ်နိုင်ငံ အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ဗီဇာကင်းလွတ်ခွင့်ပြု

ဟနွိုင်း မတ် ၁၂

ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သည် ရက်၁၅ထက်မနည်းသော နှစ်နိုင်ငံမှ အထူးတာဝန်ရှိသူနှင့် သံတမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ကြေညာလိုက်သည်။

ယင်းသဘောတူကြေညာချက်ကို ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်နီယံနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိုဘူတာကာမာချိမူရာတို့သည် ဂျပန်သို့သွားရောက်သည့် မတ်လ၆ရက်မှ ၁၀ ရက်အတွင်း အပြန်အလှန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်ဆေဂုံတိုင်းမ်က သောကြာနေ့တွင်ဖော်ပြသည်။

ယင်းဗီဇာကင်းလွတ်ခွင့်သည် မေလ ၁ ရက်မှစပြီး အကျိုးသက်ရောက်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက ယမန်နှစ်စောစောပိုင်းက ဂျပန်ခရီးသွားများ ပိုမိုလာရောက်ရန်ရည်ရွယ်လျက် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။

ဂျပန်သို့ သွားရောက်လည်ပတ်သည့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နီယင်သည် ဂျပန်ဝန်ကြီးချုပ်ဂျွန်နီချီရောကိုအိဇုမိ၊ ဘဏ္ဍာရေးဝန်ကြီးနှင့် အခြားသော ပါလီမန်များကို တွေ့ဆုံခဲ့သည်။

ဂျပန်တာဝန်ရှိသူများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဗီယက်နမ်ဝင်ရောက်ရန် ဂျပန်ကထောက်ခံမည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ကတိပြုပြောကြားသည်။

ယင်းနှစ်နိုင်ငံသည် နှစ်နိုင်ငံကိုယ်စားလှယ်များအပြန်အလှန် ပိုမိုသွားရောက်လည်ပတ်ရေး၊ အထူးသဖြင့် ခရီးသွားနှင့်ယဉ်ကျေးမှုအဖွဲ့များ လာရောက်ရေး သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၆၁ခုနှစ် နောက်ပိုင်း၌ စင်ကာပူတွင်ရေဖူလုံမည်

စင်ကာပူ မတ် ၁၂

မလေးရှားနိုင်ငံနှင့် ချုပ်ဆိုထားသော ရေသဘောတူစာချုပ် ကုန်ဆုံးသွားချိန် ဖြစ်သော ၂၀၆၁ခုနှစ်နောက်ပိုင်းတွင် စင်ကာပူနိုင်ငံအနေဖြင့် ကိုယ်တိုင် ရေဖူလုံသည့် အနေအထားရှိကြောင်း ပါလီမန်၌ အင်္ဂါနေ့က မိန့်ခွန်းပြောကြားရာတွင် ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီး ယာကော့ပ်အီဘရာဟင်က ပြောကြားလိုက်သည်။

ထို့ပြင် ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးက သဘာဝအပန်းဖြေနေရာများ ပိုမိုဖွင့်ပေးရန်လည်း ပါလီမန်၌ တိုက်တွန်းပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် နေ့စဉ်ရေဂါလန် သန်း၂၀ ဖြန့်ဖြူးပေးနိုင်သော အင်အီး ရေထုတ်လုပ်ရေးစက်ရုံသုံးရုံ ရှိပြီးဖြစ်ပြီး စတုတ္ထမြောက်စက်ရုံမှာ ရှေ့နှစ်ကုန်၌ တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ရေသန့်သို့ ပြောင်းလဲထုတ်လုပ်ရေး စက်ရုံများ ရှိသည်ဖြစ်ရာ ၁၉၆၁ခုနှစ်က ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ရေဖြန့်ဝေပေးမှု ဆုံးရှုံးမှုကို ကာမိအောင်လုပ်ရန် မိမိတို့တွင် စွမ်းရည်လုံလောက်စွာရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အနာဂတ်မိမိတို့၏ ရေလိုအပ်ချက်ကိုလည်း ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း ဝန်ကြီးကပြောကြားသည်။

(အင်တာနက်)

မော်တော်ဆိုင်ကယ် အစီး ၄၀၀ တရုတ်က ကမ္ဘောဒီးယားသို့လှူဒါန်း

ဖနောင်ပင် မတ် ၁၂

တရုတ်အစိုးရသည် သောကြာနေ့၌ ရဲတပ်ဖွဲ့သုံး မော်တော်ဆိုင်ကယ် အစီး၄၀၀ ကို ကမ္ဘောဒီးယား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းလိုက်သည်။

တက်ရောက်

မော်တော်ဆိုင်ကယ် လွှဲပြောင်းပွဲ အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးများ ဖြစ်ကြသော အမ်အာအင်နှင့် အမ်ဆမ်အင်ခမ်ဆာဗိုယမ်တို့အပြင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟူကွမ်ဝမ်တို့ တက်ရောက်ခဲ့ကြသည်။

တရုတ်အစိုးရ၏ ထောက်ပံ့ကူညီအားပေးမှုကို ကျေးဇူးအထူးတင်ကြောင်း၊ ယင်းလှူဒါန်းမှုသည် ကမ္ဘောဒီးယားနိုင်ငံ၏ လုံခြုံရေးကို ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အမ်ဆမ်အင်က ပြောကြားသည်။

ပြောကြား

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားနိုင်ငံက တရုတ်တစ်နိုင်ငံမူဝါဒကို စံနမူနာအဖြစ် ထောက်ခံအားပေးရန် အတည်ပြု ပြောကြားသည်။

အဆိုပါ လှူဒါန်းမှုသည်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးပွားစေသည့် အကြောင်းဖြစ်ကြောင်း ဟူကွမ်ဝမ်က ပြောကြားသည်။

ချီးကျူး

လွန်ခဲ့သောနှစ်များက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် တရုတ်နှင့်ကမ္ဘောဒီးယား ရဲတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို ၎င်းက ချီးကျူးပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ပတ်ဝန်းကျင်ကို ပျက်စီးဆုံးရှုံးစေခဲ့သည့် ကန်ရွှေသတ္တုတွင်းလုပ်ငန်း ဒေါ်လာသန်း ၁၀၀လျော်ကြေးရရှိရေး အင်ဒိုနီးရှားအစိုးရ တရားစွဲဆိုမည်

ဂျကာတာ မတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေဆီပြည်နယ်တွင် ဘူယက်ပင်လယ်အော် ရေပြင် ညစ်ညမ်းမှုအတွက် ဒေါ်လာသန်း ၁၀၀အထိလျော်ကြေးရရှိရေး အမေရိကန်အခြေစိုက် ရွှေသတ္တုတွင်းကုမ္ပဏီ ပီတီနယူးမွန့်မီနာတာဆာရာယာ (အင်အမ်အာရ်)အား အင်ဒိုနီးရှားအစိုးရက တရားစွဲဆိုဖွယ်ရှိကြောင်း ပတ်ဝန်းကျင်ရေးရာဝန်ကြီး ရာမတ်စီတိုလာက ဂျကာတာ၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မိမိတို့လျော်ကြေးတောင်းဆိုမည့် ပျက်စီးမှုပမာဏသည် ဒေါ်လာသန်း ၁၀၀ရှိကြောင်း အင်ဒိုနီးရှားဒုတိယသမ္မတ ဂျူဆပ်ဖ်ကာလာနှင့် ဆွေးနွေးအပြီး ရာမတ်ပြောဆိုသည့်စကားကို အန်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြား

မိမိတို့တောင်းဆိုမည့် လျော်ကြေးပမာဏသည် ဘူယက်ပင်လယ်ကမ်းရိုးတန်းပျက်စီးမှုကို ပြုပြင်ရန် လိုအပ်ချက်အပေါ် တွက်ချက်ရရှိမှုများကို အခြေခံထားကြောင်း ဝန်ကြီးကပြောကြားသည်။

ငြင်းဆို

အင်ဒိုနီးရှားအစိုးရသို့ ပတ်ဝန်းကျင်ထိခိုက်မှုစူးစမ်းလေ့လာချက်ကို ပုံမှန်တင်သွင်းခဲ့ကြောင်း ပီတီအင်အမ်အာရ်၏ ပြောဆိုချက်သည် မမှန်ကန် ကြောင်း ဝန်ကြီးက ငြင်းဆိုခဲ့သည်။

သတ္တုတွင်းအကျိုးဆောင် ကွန်ရက်လုပ်ငန်းမှ ရရှိသောအချက်အလက်အရ ပီတီအင်အမ်အာရ်ကုမ္ပဏီသည် ဘူယက်ပင်လယ်အော်တွင်းသို့ တစ်နေ့လျှင် သတ္တုစွန့်ပစ်ပစ္စည်း ကုဗမီတာ ၂၀၀၀ကို စုပုံစွန့်ပစ်ခဲ့သည့်အတွက် ရေများညစ်ညမ်းပြီး ငါးများကို သေစေခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

စွမ်းရည်ပြသ

ဂျပန်နိုင်ငံ နာဂိုယာမြို့ အနီးနာဂါကူတီမြို့တွင် တိုယိုတာ ကုမ္ပဏီမှ ထုတ်လုပ်ထားသော စက်ရုပ်လူသားများက စွမ်းရည်ပြသမှု ပြုလုပ်နေသည်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူမှုအသီးအပွင့်နှင့် စီးပွားရေးတိုးတက်မှု တရုတ်အမျိုးသမီးများ သာတူညီမျှခံစား

ပေကျင်း မတ် ၁၂

လူမှုရေးနှင့်စီးပွားရေးအဆင့်အတန်းတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးနှင့် အကျိုးစီးပွားရရှိမှုသေချာစေရန် ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်လောင်းသင့်ကြောင်း တရုတ်နိုင်ငံ၏ အကြံပေးအဖွဲ့ဝင်တစ်ဦးက ပေကျင်းတွင် ကြာသပတေးနေ့က ပြောကြားလိုက်သည်။

အမျိုးသားများနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန်အတွက် ပိုမိုအားပေးဂရုပြုရမည်ဖြစ်ကြောင်းနှင့် ထိုကိစ္စနှင့်စပ်လျဉ်း၍ တရားဥပဒေကြောင်းအရ ပိုမိုဆောင်ရွက်သွားရန် တရုတ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ် ဒုတိယအမျိုးသမီးဥက္ကဋ္ဌ ဝမ်ရှုရှင်းက ပြောကြားသည်။

သတိပေး

တရုတ်လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများနှင့် အမျိုးသားများကို တန်းတူညီတူ ဆက်ဆံသွားရန် မိမိတို့အနေဖြင့် အတော်များများ ဆောင်ရွက်ရန် လိုနေဆဲဖြစ်ကြောင်း စီပီပီစီစီ နိုင်ငံလုံးဆိုင်ရာ ကော်မတီဝင် ဝမ်ရှုရှင်းက သတိပေးသည်။

နိုင်ငံတွင်း၌ ယောကျ်ားလေးနှင့် မိန်းကလေး မွေးဖွားမှု မညီမျှခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များကို မှောင်ခို အရောင်းအဝယ်လုပ်ခြင်းကဲ့သို့ ဖြစ်ရပ်များကို (၁၀)ကြိမ်မြောက် စီပီပီစီစီ နိုင်ငံလုံးဆိုင်ရာ ကော်မတီ၏ တတိယနှစ်ပတ်လည် အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် သူမက ထောက်ပြ ပြောကြားသွားသည်။

လူမှုအသီးအပွင့်များနှင့် စီးပွားရေးတိုးတက်မှုများကို အမျိုးသမီးများ သာတူညီမျှတစ္စာ ခံစားနိုင်ရေးအတွက် အာမခံချက်ရှိစေရန် တည်ဆဲဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ရမည် ဖြစ်ကြောင်းလည်း ဝမ်ရှုရှင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ ကုဋေကြွယ်မဟာသူဌေးကြီးများ စာရင်းကြေညာ မိုက်ခရိုဆော့ဖ်ထူထောင်သူ ဘီလ်ဂိတ်စ်က ဒေါ်လာ ၄၆ဒသမ၅ဘီလီယံ ပိုင်ဆိုင်

နယူးယောက် မတ် ၁၂

ကမ္ဘာတွင် ချမ်းသာကြွယ်ဝဆုံးသော ကုဋေကြွယ်မဟာသူဌေးကြီးများ၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်စာရင်းကို ဖိုဘက်စ်မဂ္ဂဇင်းက ကြာသပတေးနေ့တွင် ထုတ်ပြန် ကြေညာလိုက်သည်။

နယူးယောက်၌ အခြေစိုက်ထားသည့် အဆိုပါမဂ္ဂဇင်းက ကုဋေကြွယ် မဟာသူဌေးများစာရင်းသို့ လူ ၁၃၁ဦး ပူးပေါင်းခဲ့ပြီး ကုဋေကြွယ် မဟာသူဌေး ၆၉၁ဦး၏ ချမ်းသာကြွယ်ဝမှုတန်ဖိုး စုစုပေါင်းသည် ယခုနှစ်၌ ဒေါ်လာ၂ဒသမ၂ ထရီလီယံထိ ဒေါ်လာ၃၀၀ဘီလီယံ မြင့်တက်ခဲ့သည်ဟု ဖော်ပြထားသည်။

ပထမ

ကုဋေကြွယ်မဟာသူဌေး ၃၄၁ ဦးရှိသော အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့မဟာအချမ်းသာဆုံးသူများ၏ ကလပ်တွင် ပထမနေရာ၌ ရှိဆဲဖြစ်သည်။ သို့ရာတွင် စီးပွားရေးဖြစ်ထွန်းသော နိုင်ငံများမှ ကုဋေကြွယ်မဟာသူဌေး မျက်နှာသစ်များ အများအပြားပေါ်ထွက်ခဲ့ရာ အိန္ဒိယမှ ၁၂ဦး၊ မက္ကဆီကိုမှ ၁၀ဦးရှိကြောင်း သိရသည်။ ကုဋေကြွယ်ဝသူများ စာရင်းတွင် ပိုလန်၊ကာဇက်စတန်နှင့် ယူကရိန်းကဲ့သို့ နိုင်ငံသစ်အချို့လည်း ပါဝင်လာခဲ့သည်။

မိုက်ခရိုဆော့ဖ် ထူထောင်သူ ဘီလ်ဂိတ်စ်၏ ချမ်းသာကြွယ်ဝမှုမှာ အမေရိကန် ဒေါ်လာ ၄၆ ဒသမ၅ ဘီလီယံဖြစ်ပြီး ကမ္ဘာ့အချမ်းသာဆုံး ကုဋေကြွယ်သူဌေးကြီးအဖြစ် စိုးမိုးထားမြဲ ဖြစ်သည်။

၎င်း၏နောက်တွင် ငွေကြေးအတတ်ပညာ ကျွမ်းကျင်သူ ပညာရှင်ဝါရင်းဘတ်ဖ်ဖက်က အမေရိကန် ဒေါ်လာ ၄၄ဘီလီယံချမ်းသာကြွယ်ဝပြီး အိန္ဒိယနိုင်ငံမှ သံမဏိလုပ်ငန်းပိုင်ရှင်ကြီး လက်ရှမီမစ်တယ်လ်က အမေရိကန်ဒေါ်လာ ၂၅ဘီလီယံ ချမ်းသာ ကြွယ်ဝကြသည်။ ဟောင်ကောင်မှ ကုဋေကြွယ်သူဌေး လီကာရှင်သည် အချမ်းသာဆုံး တရုတ်လူမျိုးဖြစ်ကာ အမေရိကန် ဒေါ်လာ၁၃ဘီလီယံ ပိုင်ဆိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆာမာရာမြို့အနီးတွင် တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်နေသည်ကို မတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသိန်းဝင်း-ဒေါ်နီနီ(ရွှေသံလွင်မိသားစုကုမ္ပဏီ)က ရွှေစင်၁၀ပိဿာကို မတ်၁၂ရက်က လှူဒါန်းသည်။

လှူဒါန်း

အလားတူ ရွှေတိဂုံစေတီတော် ရွှေထီးတော် သံမဏိဆိုင်းကြိုးများ၊ သံမဏိထီးထောက်များ ပိုမိုတောင့်တင်းခိုင်မာအောင် အားဖြည့်ပံ့ပိုးသော စတီးကြိုးများ၊ စတီးချောင်းများအတွက် ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ)၊ ဦးသိန်းဝင်း(ရွှေသံလွင်မိသားစုကုမ္ပဏီ)၊ ဦးစိုးမြင့်(ငွေဆင်ကုမ္ပဏီ)တို့က အလှူငွေကျပ် သိန်း ၅၀ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆နာရီမှ ၉နာရီ ၄၅မိနစ်အထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက်လေ့ကျင့်မှုများကို စစ်ရေးပြ အမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

တပ်ပါစစ်ရေးပြလေ့ကျင့်

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

တပ်ပါ စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သကြိန်တွင်း ၁၀ရက် တရားစခန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၁)ရပ်ကွက် မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာ ရွှေဥမင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဂုဏာစာရလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများ ဧပြီ ၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကြည့်ရှုစစ်ဆေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ကြောင်းကြီးများ တပ်ပါ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နှင်းဆီကုန်းဘိုးဘွားများအားကျန်းမာရေးစောင့်ရှောက်ပေး ဆောက်လုပ်ဆဲဆေးရုံနှင့် ငွေပဒေသာပင်အတွက်ငွေလှူဒါန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အာရှတော်ဝင်နှလုံးနှင့် အထွေထွေရောဂါကုဆေးခန်းတည်ထောင်သည့် ငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အဆိုပါအထူးကုဆေးခန်း အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမြတ်သူ ဦးဆောင်သော ဆရာဝန်များ၊ အထူးကုဆရာဝန်များ၊ သူနာပြုများအဖွဲ့သည် မတ်၁၂ရက် နံနက်ပိုင်းက နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံသို့ လာရောက်ပြီး ဘိုးဘွားလူနာ ၅၁ဦးတို့အား လိုအပ်သည့် စမ်းသပ်စစ်ဆေး ကုသပေးကြသည်။ **(ယာပုံ)**

လှူဒါန်း

ဆက်လက်၍ ဆေးရုံအတွက် ဆေးဝါးများ ထောက်ပံ့လှူဒါန်းကြသည့်အပြင် ငွေပဒေသာပင်နှင့် ဆောက်လုပ်ဆဲဆေးရုံအတွက်ပါ ငွေကျပ်ငါးသိန်းကို အုပ်ချုပ်ရေးအဖွဲ့သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း စက်ချုပ်သင်တန်းဆင်းပွဲတွင်ထူးချွန်သူများအား ဆုချီးမြှင့်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၆/၂၀၀၅) ဆင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ထူးချွန်သည့် သင်တန်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပညာရေးဆိုင်ရာ စောင့်ရှောက်မှု အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှု အဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွန့်တို့က စက်ချုပ် သင်တန်း အမှတ်စဉ် (၃၆/၂၀၀၅)မှ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်းအမှတ်စဉ်(၃၆/၂၀၀၅)ဆင်းပွဲတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းဆင်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကားပြော

ထို့နောက် သင်တန်းသူများကိုယ်စား အတန်းခွဲ(က)မှ သင်တန်းသူတစ်ဦးနှင့် အတန်းခွဲ(ခ)မှ သင်တန်းသူ တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆/ ၂၀၀၅)သို့ သင်တန်းသူ ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်လည်သန့်စွမ်းရေးဆေးရုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံကြီး၌ အသက်(၆၀)ပြည့်ပြီးသော ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုဆရာ၊ သူနာပြုဆရာမများ၊ အရိုးအကြောကျွမ်းကျင်သူများအား ၂၀၀၅ခုနှစ် မေ ၁ရက် နံနက်၁၀နာရီတွင် လူနာဟောင်းများက ဒုတိယအကြိမ်ပူဇော်ရန် စီစဉ်ထားသဖြင့် တက်ရောက်ဂါရဝပြုလိုသော ကိုယ်အင်္ဂါမသန်စွမ်းများနှင့် စေတနာရှင်များသည် ဒေါက်တာအေးကို ဖုန်း-၇၂၄၀၉၃၊ ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄နှင့် ၀၉-၉၀-၃၀၆၂၉၊ ဦးမြတ်သူဝင်း(ရွှေမင်းသား) ဖုန်း-၂၂၂၉၂၃၊ ဦးစိန်ထွေး (စာရေးဆရာမောင်စိန်ထွေး) ဖုန်း-၅၂၅၁၁၉နှင့် ဒေါ်ထားထားမွန်(သူနာပြု) ဖုန်း-၆၆၀၈၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ)(ဓာတုဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇း၃၀	၇။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇း၄၅	၈။	ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၇၆)
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	ကြေးမုံရိပ်သွင် တေးနှယဉ်
၁၉း၁၅	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၂၀	၁၄။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၅	၁၅။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၉း၄၅	၁၆။	မမိုတ်သောမျက်စိ မလပ်သော သတိ
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၄၇) (ဇာတ်သိမ်းပိုင်း)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မဟာသုဝဏ္ဏကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဟောပြောညွှန်ပြသွားမည်ဖြစ်ရာ သာသနာ့နွယ်ဝင် သီလရှင်ဝတ်၍ ဗြဟ္မစာရီကျင့်လိုသူများနှင့် တရားစခန်းဝင်မည့် ယောဂီပုဂ္ဂိုလ်များ ကုသိုလ်ဒါနပြုလိုကြသည့် ပါရမီရှင်ကြီးများသည် သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက် ဖုန်း- ၅၇၇၀၁၅သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မတ်၁၃ ရက်က ဒေါ်အုန်းမြင့် မိသားစုက ဓမ္မဗေဒယျာပရိယတ္တိစာသင်တိုက်ကြီး၏ သာသနာ့ဝေယျာဝစ္စများ အသုံးပြုရန်ငွေပဒေသာပင် ကျပ်ငါးသိန်းကို ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချီးကျူးပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှဆရာတော်ကြီး ၁၉ ပါးတို့အား ချီးကျူးပူဇော်ပွဲကို မတ် ၂၅ ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် မော်လမြိုင်ဓမ္မာရုံနှင့် သက်ဆိုင်ရာမြို့နယ်များမှ တစ်ဆင့် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၄

နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြိုင်ပွဲသို့ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ၂၅ဦးစီ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်များအား နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိကဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြိုင်ပွဲကို ကျင်းပသည်။ ယင်းပြိုင်ပွဲကို မတ် ၁၉ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂)လှိုင်၏ ကျောင်းတွင်း ဉာဏစွမ်းရည်ပဒေသာကပွဲကို မတ် ၁၂ရက်က ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ ရန်ကုန်တိုင်း ဦးစီးအရာရှိ ဒေါ်ခင်မာစိန်နှင့် ကျောင်းအုပ် ဒေါ်အေးအေးသန်းတို့ ကြည့်ရှုအားပေးကြစဉ်။ (လူမှုဝန်ထမ်း)

ရဟန်းခံ၊ရှင်ပြုရန် ကျပ်လေးသိန်းလှူဒါန်း

ရန်ကုန် မတ် ၁၄

တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ပဉ္စမအကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာအတွက် ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်နေ ဦးကျော်သောင်း-ဒေါ်စန်းစန်းနွယ်(ရှိုင်းဟုတ်ကုမ္ပဏီ) မိသားစုက အလှူငွေကျပ်လေးသိန်းကို မတ်၁၂ရက်က အကျိုးတော်ဆောင်များထံ လှူဒါန်းကြောင်း သိရသည်။ **(၁၁၅)**

ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

AA Medical Products Ltd. နှင့် ကိုရီးယားသမ္မတနိုင်ငံ Hanmi Pharm Co., Ltd. တို့ပူးပေါင်းစီစဉ်မှုဖြင့် Scientific Symposium On Irritable Bowel Syndrome & 3rd Generation Cephalosporin (Cefixime) ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ AA Medical Products Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးခိုင်**(အောက်ပုံ)**နှင့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသဘာပတိ ရန်ကုန် ဆေးတက္ကသိုလ်(၁)မှ ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် Hanmi Pharm Co., Ltd. မှ Export Team မန်နေဂျာ Mr. Y.S. Bang က ကုမ္ပဏီလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ Yonsei University College of Medicine မှ ပါမောက္ခ ဒေါက်တာ Hyo Jin Park က Irritable Bowel Syndrome နှင့် ပတ်သက်သည့် ဆေးဝါးဆိုင်ရာများကိုလည်းကောင်း၊ Hanmi Pharm Co., Ltd. မှ Team Manager, Pharmacist Ms. Eun Young Seo က ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးဝါးများနှင့် 3rd Generation Cephalosporin ပညာရပ်ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသည့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၏ သိလိုသည့်ဆေးပညာရပ်ဆိုင်ရာနှင့် ဆေးဝါးများအကြောင်း မေးမြန်းချက်များကို ပါမောက္ခ ဒေါက်တာစောနိုင်၊ ကိုရီးယားသမ္မတနိုင်ငံမှ ပါမောက္ခဒေါက်တာ Hyo Jin Park နှင့် Team Manager, Pharmacist Ms. Eun Young Seo တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြှင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်း ဝန်ကြီးဦးညဏ်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြှင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၅)ဆင်းပွဲကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာဥပဒေပညာ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ နည်းဥပဒေများ၊ စေ့စပ်ညှိနှိုင်းမှု ဘာသာရပ်များကို သင်ကြားပို့ချပြီး သင်တန်းသား သင်တန်းသူ ၉၃ ဦးတို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထက(၂) အင်းစိန် မြတ်ဆရာ ကန်တော့ပွဲ

ရန်ကုန် မတ် ၁၄

အထက(၂) အင်းစိန် ၁၉၇၈-၇၉နှင့် ၁၉၇၉-၈၀ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာ ကန်တော့ပွဲကို မတ် ၂၄ရက် (တပေါင်းလပြည့်နေ့) ကြာသပတေးနေ့ညနေ ၃နာရီမှ ၆နာရီအထိ အင်းစိန်မြို့နယ် အင်းစိန်ဈေးအနီး စူဠာမဏိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာကန်တော့ပွဲသို့ ဖော်ပြပါနှစ် ကျောင်းသား ကျောင်းသူဟောင်းများအပြင် အခြားပညာသင်နှစ်မှ ကျောင်းသား၊ ကျောင်းသူများလည်း တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုသန့်ဇင် ဖုန်း- ၆၆၁၀၃၀၊ ၆၅၀၄၈၈၊ ကိုမျိုးမြတ်၊ ကိုစိန်သန်း၊ မနိုင်နိုင်ဦး၊ မလဲ့လဲ့ဝင်း၊ မမိမိပြုံး၊ မချိုမာရှိန် ဖုန်း- ၆၄၂၂၄၂၊ မဝင်းမာလတ် ဖုန်း-၆၄၃၂၉၉၊ မဆွေဆွေဝင်း ဖုန်း-၆၄၁၅၀၉နှင့် မခင်လေးမြင့်(ခ)ညိုမီ ဖုန်း-၅၄၆၅၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပန်းချီပြပွဲပြသမည်

ရန်ကုန် မတ် ၁၄

ကံ့ကော်ရွာ ပန်းချီမိသားစုဝင် တစ်ဦး ဖြစ်သည့် ပန်းချီဆရာစန်းဦး၏ အနုပညာဘဝ အနှစ်၂၀ အတွင်း ပထမဆုံး ပန်းချီအနုပညာပြပွဲကို ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ ဆာကူရာတာဝါ အထပ် ၂၀၌ မတ် ၁၈ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသမည် ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပန်းချီဆရာစန်းဦး၏ပန်းချီနှင့်အင်စတောလေးရှင်း လက်ရာများကို ပြသထားမည်ဖြစ်ရာ နံနက် ၁၀နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆို ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၄

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးချက်များအရ စာတမ်းများပြုစုရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးချက်များအရ စာတမ်းများပြုစုတင်ပြရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် သဘာပတိ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွှေရင်အေးဆရာတော်ဓမ္မခရီး

ရန်ကုန် မတ် ၁၄

မဟာစည်နယ်လှည့် ဓမ္မကထိက ရွှေရင်အေးဆရာတော်သည် မတ် ၁၇ရက်ညတွင် ပေါင်းတည်မြို့နယ် သဖန်းချိုရွာကျောင်း ရေစက်ချပွဲ၌လည်းကောင်း၊ မတ် ၃၁ရက် ညတွင် ထန်းတပင်မြို့နယ် သမ္မရာကုန်းရွာ အလှူပွဲ၌လည်းကောင်း၊ ဧပြီ ၅ရက်ညတွင် လှိုင်သာယာမြို့နယ် (၈)ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ ဧပြီ ၈ရက်မှ ၁၈ရက်အထိ ညများတွင် အင်းစိန်မြို့နယ် ဇယမင်္ဂလာကျောင်းတိုက်၌လည်းကောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာ ငွေဝတ်မှုန် အမှတ် ၇၀(အီး)နေ ဘွားဘွား သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းအား အမှူးထား၍ ဦးကိုကိုထူး၊ ဒေါ်စန္ဒာအောင်၊ သားကြီး မောင်မင်းသီဟထူး၏ (၁၁)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်၊ ဖြူး၊ ကျောက်ကြီး၊ ထန်းတပင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏ လူဦးရေနှင့် မြေအသုံးချနိုင်မှုတို့ကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း၌ ၂၀၀၄ခုနှစ်တွင် မိုးစပါး စိုက်ပျိုးရန် ၂၄၅၀၀၀၀ ဧကလျာထားရာ ၂၅၆၁၇၂၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

နွေစပါးဧက သုံးသိန်းစိုက်ပျိုးရမည့်အနက် ယနေ့အထိ ၂၈၅၅၆၈ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

ပဲခူးတိုင်းအနေဖြင့် မိုးစပါးဧကသိန်း ၃၀ ပြည့်မီရေးအတွက် နှစ်အလိုက် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ တိုင်းမှူးက ပဲခူးတိုင်း၏ ဒေသဆန်၊ ဆီဖူလုံမှု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ၂၀၀၄–၂၀၀၅ခုနှစ် စီမံကိန်းရည်မှန်းချက်များ အပေါ် ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ပြည့်မီကျော်လွန်အောင်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ လျာထားသည်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တိုင်းပြည်၏စီးပွားရေးတွင် ပဲခူးတိုင်းအနေဖြင့် တိုင်းကြီးတစ်တိုင်းအဖြစ် ပါဝင်အထောက်အကူပြုလျက်ရှိကြောင်း။

ပဲခူးတိုင်းအနေဖြင့် တိုင်းပြည်၏စီးပွားရေးတွင် ယခုအနေအထားထက် ပိုမိုအထောက်အကူပြုနိုင်သည့် အလားအလာအခြေအနေကောင်းများရှိပြီးဖြစ်ကြောင်းဖြင့် နိုင်ငံတော်နှင့် ပဲခူးတိုင်း၏စီးပွားရေးကဏ္ဍ ဆက်စပ်မှုများကို ရှင်းလင်းပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမရှင်းလင်းမှာကြားရာ၌ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးစီးခေါင်းဆောင်၍ ပဲခူးတိုင်းအတွင်း ရောက်ရှိလာသည့်ခရီးစဉ်တွင် ပဲခူးတိုင်းသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။

ယခုကဲ့သို့ ဒေသအတွင်း တိုးတက်ဖွံ့ဖြိုးမှုနှင့် အောင်မြင်မှုများရရှိနေခြင်းမှာလည်း ရပ်ရွာဒေသတည်ငြိမ်အေးချမ်းနေ၍ဖြစ်ကြောင်း။

ပဲခူးတိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ ပြည်နယ်၊ တိုင်းအသီးသီး၌ ပြည်သူများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုံခြုံအေးချမ်းစွာ ဒေသမရွေး၊ အချိန်မရွေးသွားလာ ဆောင်ရွက်နေနိုင်ကြပြီဖြစ်၍ နိုင်ငံတော်တစ်ဝန်းလုံး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေခြင်းဖြစ်ကြောင်း။

တိုးတက်မြင့်မားလာ

စီးပွားရေးအခြေအနေ တိုးတက်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍများသည်လည်း တစ်ပါတည်းတိုးတက်မြင့်မားလာလျက်ရှိကြောင်း၊ ယင်းတိုးတက်ဖွံ့ဖြိုးမှု အခြေအနေများကို ကိန်းဂဏန်းအရသာမက မျက်မြင်တွေ့ရှိချက်များအရလည်း သိသာမြင်သာလျက်ရှိကြောင်း။

ယင်းသို့တည်ငြိမ်အေးချမ်းပြီး တိုးတက်မှုရရှိနေသည့် နိုင်ငံတော်၏ အခြေအနေကောင်းများကို မိမိတို့အားလုံး ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အရေးကြီးကြောင်း။

ဦးဆောင်မှုကောင်း၊ စေတနာကောင်းများဖြင့် အမြော်အမြင်ရှိရှိ နိုင်ငံတော်အပိုင်း၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပြည်သူများက နားလည်လက်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပဏာမရှင်းလင်းမှာကြားစဉ်။

(သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ကြသဖြင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် အနုတ်လက္ခဏာပြခဲ့ရာမှ ယခုအခါ အပေါင်းလက္ခဏာ ပြနိုင်သည်အထိ သိသိသာသာ တိုးတက်ပြောင်းလဲလာလျက်ရှိနေခြင်းဖြစ်ကြောင်း။

စည်းလုံးညီညွတ်မှုစွမ်းအား

တစ်နည်းအားဖြင့် ချမှတ်ကျင့်သုံးသော နိုင်ငံတော်၏မူဝါဒများ၏ မှန်ကန်မှု၊ နိုင်ငံ့ခေါင်းဆောင်၏ စေတနာဖြူစင်မှုနှင့် တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု စွမ်းအားများကြောင့် ယခုကဲ့သို့ တိုးတက်အောင်မြင်မှုများရရှိခြင်းဖြစ်ကြောင်း။

မည်သို့သော အခက်အခဲ၊ အဟန့်အတား၊ ပိတ်ပင်မှုများ ရှိစေကာမူ မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားလုပ်ဆောင်နိုင်ပါက တိုးတက်အောင်မြင်မှုများ ရရှိမှာပင်ဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ယခုအခါ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ရာ ယင်းလုပ်ငန်းအစီအစဉ်အားလုံး အောင်မြင်ရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီ ပူးပေါင်းလက်တွဲပြီး အားထည့်လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသော လုပ်ငန်းကိစ္စများဖြစ်သည့် ရေ၊ မြေသယံဇာတ အရင်းအနှီးများကို တန်ဖိုးမြှင့်တင်အသုံးချရေးကိစ္စ၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေးကိစ္စ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ဖာလာ၊ ရေတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးရေးကိစ္စ၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးကိစ္စတို့ကို အလေးအနက်ထား ဆက်လက်အကောင်အထည်ဖော်ရန်တို့ကိုလည်းကောင်း၊ ထို့ပြင် မိုးစပါးစိုက်ဧက သိန်း၃၀အထိ တိုးချဲ့စိုက်ပျိုးရန်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ပြည်သူများအား အလုပ်အကျွေးပြုသွားရန်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအရအားထားရသော ထိပ်တန်းတိုင်းကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ မိမိတို့ ပဲခူးတိုင်းသို့ ရောက်ရှိလာသည်မှာ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် အခြားလုပ်ကိုင်ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးရန်ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

ပဲခူးတိုင်းအနေဖြင့် တိုးတက်ဖွံ့ဖြိုးမှုများ မြောက်မြားစွာဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ယင်းတိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရင်း ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အမြဲကြံစည်ကြိုးပမ်း

လူဆိုသည်မှာ မိမိဘဝတိုးတက်ရေးအတွက် မရပ်မနား ကြိုးစားနေရသည်ဖြစ်ရာ ပဲခူးတိုင်းအနေဖြင့်လည်း မိမိတိုင်း၊ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်နေအောင် အမြဲကြံစည်ကြိုးပမ်းနေရမှာဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ တောင် ပိုင်း တိုင်းစစ် ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း၏ လူဦးရေနှင့် မြေအသုံးချနိုင်မှု၊ ပဲခူးတိုင်း၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ စီမံကိန်းရည်မှန်းချက်များ ဆောင်ရွက် ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတိုးတက်ဖွံ့ဖြိုးရေးလုံလောက်သည့်လူဦးရေရှိရန်လိုသကဲ့သို့ ပညာတတ်လူ့အရင်းအမြစ်နှင့် ရေမြေသယံဇာတများလည်းပြည့်စုံရန်လိုအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုင်းတစ်တိုင်းလုံး တိုးတက်ရေး၊ တိုင်းအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝ အဆင့်မြင့်မားရေးတို့အတွက် ရည်မှန်းပြီး ချမှတ်တာဝန်ပေးထားသည့် လုပ်ငန်းကိစ္စများစွာရှိကြောင်း၊ ဥပမာအားဖြင့် ပဲခူးတိုင်း၏ မိုးစပါးစိုက်ဧကကို သုံးနှစ်စီမံချက်ဖြင့် ဧကသိန်း၃၀အထိ တိုးချဲ့စိုက်ပျိုးရေး၊ အဓိက သီးနှံအလိုက် ချမှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းရရှိရေးစသည့် လုပ်ငန်းကိစ္စများကို အောင်မြင်အောင် ဖိဖိစီးစီးလုပ်ကိုင်သွားကြရန် လိုကြောင်း၊ အမှန်တကယ် ကြိုးစားလုပ်ကိုင်မည်ဆိုလျှင် အောင်မြင်နိုင်သည့် အခြေအနေကောင်းများမှာ ပဲခူးတိုင်း၌ ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက် လုံလောက်သည့် လူဦးရေရှိရန် လိုအပ်သကဲ့သို့ ပညာတတ်လူ့အရင်းအမြစ်နှင့် ရေမြေသယံဇာတများလည်း ပြည့်စုံရန်လိုအပ်ကြောင်း၊ ယင်းအချက်သုံးချက်ပြည့်စုံပြီး အလုပ်ကိုကြိုးစားလုပ်ကြမည်ဆိုလျှင် ယင်းနိုင်ငံ၊ ယင်းဒေသသည် တိုးတက်ဖွံ့ဖြိုးသွားမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများအနက် ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်း ၄၇ရာခိုင်နှုန်း ပြီးစီးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရမည့်အစီအစဉ်နှင့် တာဝန်ယူဆောင်ရွက်သွားရမည့် အပိုင်းတို့ကိုလည်းကောင်း၊ ဖြူးချောင်းစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှစ်ခု ပူးပေါင်းအကောင်အထည်ဖော်ရမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းလမ်းညွှန်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံတည်ဆောက်မည့်နေရာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖြူးချောင်း ရေအား လျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပညာတတ်များ ပိုမိုမွေးထုတ်နိုင်

ပဲခူးတိုင်းသည် လုံလောက်သည့် လူဦးရေရှိပြီး ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် တိုင်းနယ်မြေဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်အရင်း အမြစ်များပေါက်ဖွားရာ ဒေသလည်းဖြစ်ကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များ ပိုမိုမွေးထုတ်နိုင်အောင်လည်း တိုင်းအတွင်း၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် တက်တက်ကြွကြွ ကြံစည်ကြိုးပမ်းအားထုတ်လိုက်မည်ဆိုလျှင် အခြေအနေကောင်းများရှိပြီးဖြစ်သည့် ပဲခူးတိုင်းသည် အမှန်တကယ် ပိုမိုတိုးတက်သွားမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အရေးကြီးသည်မှာ မိမိတိုင်းအတွင်းရှိ ရေမြေသယံဇာတများကို အပြည့်အဝ တိုးချဲ့အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ မြေပြန့်ဒေသများကိုသာမက ပေါများလှသော တောင်ကုန်း၊ တောင်စောင်းများကိုပါ စိုက်ပျိုးရေးအတွက် တီထွင်ကြံဆ အသုံးပြု၍ ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအုန်းမြင့်က တမံအောက်ခြေပိုင်း ခိုင်ခံ့မှုရှိစေရေး ကွန်ကရစ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် စက်ပစ္စည်းများဝယ်ယူရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ငွေကြေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်း၌ဆောင်ရွက်မည့် သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က စီမံကိန်းဧရိယာနှင့် စစ်တောင်းမြစ်ဝှမ်းဒေသ၏ ဘူမိအနေအထားဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သောက်ရေခပ် ဘက်စုံရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်သွား

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးတို့က လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ပြီးစီးပါက အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် အုတ်တွင်းမြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်းအမှတ်(၇) သကြားစက်သို့ ရောက်ရှိကြရာ အုတ်တွင်းတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ချိန်၊ ဗိုလ်မှူးကြီးတင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ကြံလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွတ်က မြန်မာ့ကြံလုပ်ငန်းအောက်ရှိ သကြားစက်များအခြေအနေ၊ အမှတ်(၇) သကြားစက်(အုတ်တွင်း)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ နှစ်အလိုက် သကြားကြိတ်ဝါးထုတ်လုပ်နိုင်မှုများ၊ ကြံစိုက်ပျိုးမှုကိစ္စများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤသကြားစက်အပါအဝင် နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်သကြားစက်ရုံများအနေဖြင့် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရန် လမ်းညွှန်မှာကြားသည်။

အမှတ်(၇)သကြားစက်(အုတ်တွင်း)မှာ တစ်ရက်လျှင် ကြံတန်ချိန် ၂၀၀၀ ကြိတ်ဝါးနိုင်သည့် စက်စွမ်းအားရှိသော စက်ရုံဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမှတ်(၇)သကြားစက်(အုတ်တွင်း)မှ တောင်ငူမြို့သို့ မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အသက်ရှည်စွာ အနာမဲ့ရေး(၈)

"ကျွန်တော့်မိသားစုက ပူဇော်တဲ့ ဘုရားကိုးဆူ ပူဇော်ပွဲကို ကြွရောက်လာတာ ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ ဦးလေးစံမောင်။ ကုသိုလ်ရေးတစ်ခုကို ဖိတ်ကြားတော့ ကျွန်တော်တို့လဲ ကုသိုလ်ပွားယူရတာပေါ့။ နောက်ပြီး ဘုရားကိုးဆူပွဲ ဘာပြုလို့ ပူဇော်တယ်ဆိုတာကို ဘဝင်ကျကျသိချင်လို့။ ဘုရားကိုးဆူ ပင့်တဲ့ဆရာကြီးဆို ရှင်းပြနိုင်မှာပဲဆိုပြီး ဆေးခန်းပြီးပြီးချင်း လာခဲ့တာပါ ဦးလေး"

ပြောပြောဆိုဆို လှူဖွယ်အလင်းတိုင်၊ အမွှေးတိုင်နှင့် ဝေယျာဝစ္စ နဝကမ္မ ပူဇော်ကာ ဘုရားရှိခိုးကန်တော့ပါသည်။

"ကျွန်တော့် မြေးအငယ်လေး ဝမ်းလျှောလိုက်၊ ဖျားလိုက်။ အကြီးကသစ်ပင်ပေါ်ကကျလိုက်၊ ခြေချော်လဲလိုက်နဲ့မို့ အန္တရာယ်ကင်းအောင်လို့ပါ ဆရာရယ်"

ဟု ဦးစံမောင်က ပြောပါသည်။

"ဒါများဖြင့် ဦးစံမောင်ရယ် ဝမ်းပျက်စာကိုရှောင်၊ ရေချိုးမိုးချိုးဆင်ခြင်၊ အမြင့်မတက်နဲ့၊ သိပ်မဆော့နဲ့လို့ ဆုံးမထားရင် ပြီးတာပါပဲ။ ယာဉ်အန္တရာယ်ကင်းချင်ရင် ယာဉ်မမောင်းနဲ့၊ မစီးနဲ့၊ လမ်းမထွက်နဲ့။ ရေအန္တရာယ်ကင်းချင်ရင် မြစ်ရေ၊ ကန်ရေမချိုးနဲ့၊ ရေလမ်းမသွားနဲ့ပေါ့။ ဒီထက်လေးနက်တဲ့ အဓိပ္ပာယ် ရှိဦးမှာပါ"

ဟု ဦးလေးချောက ဝင်ထောက်၏။

"အဘဦးမောင်လေးခင်ဗျာ၊ ကျွန်တော်တို့ ဆရာသိချင်တဲ့ ဘုရားကိုးဆူပူဇော်ခြင်းအကြောင်းကို မှတ်သားဖွယ် ရှင်းပြပါဦး"

ဟု ဦးလေးစံမောင်က တောင်းဆိုသည်။

"ဒီလိုရှိပါတယ်ခင်ဗျ၊ ဘုရားကိုးဆူ ပူဇော်မှုကို ပိဋကတ်တော်မှာ မတွေ့ရပါဘူး။ ဓမ္မပဒအဋ္ဌကထာမှာပါတဲ့ ဖြစ်ရပ်တစ်ခုကို အခြေပြုပြီး ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဘုရားရှင်ဟာ ဒီဃလံဂီမြို့မှာ သီတင်းသုံးနေစဉ် ပုဏ္ဏားတစ်ဦးဟာ သူ့ရဲ့မွေးကင်းစသားလေး ခုနစ်ရက်အတွင်း ဘီလူးစားခံရမယ့် ကံကြမ္မာပါကြောင်း ဗေဒင်နက္ခတ်ဆရာက ဟောလို့ မြတ်စွာဘုရားထံ သနားကရုဏာထားပြီး ကယ်မတော်မူပါလို့ လာလျှောက်ထားပါတယ်။ မြတ်စွာဘုရားက အတိတ်ဖြစ်စဉ်ကို ပြန်ကြည့်တော့ သူတို့ဘဝဆုတောင်းနဲ့သူတို့၊ တစ်ဦးနဲ့တစ်ဦး လက်စားခြေရပါလို၏။ ကိုယ့်သားစားခံရပါလျှင် သူ့သားကို ပြန်စားရပါလို၏လို့ ဆုတောင်းခဲ့တာ။ သမင်နဲ့ကျား ဖြစ်လိုက်၊ ဘီးလူးနဲ့ လူဖြစ်လိုက်နဲ့ လက်တုံ့ပြန် သံသရာတွေ ရှည်ပြီး အကုသိုလ်ဖြစ်စဉ်တွေ ချုပ်ငြိမ်းစေလိုတာကြောင့် ပုဏ္ဏားအိမ်ရှေ့မှာ မဏ္ဍပ်ထိုး ကလေးငယ်ကို အလယ်မှာထား ရဟန္တာရှစ်ပါးရံပြီး ၁၆ ပါးကို နေ့ရောညပါ ခုနစ်ရက်ပတ်လုံး ပရိတ်ရွတ်ဖတ် စေပါတယ်။ ခုနစ်ရက်မြောက်တဲ့ နေ့မှာ မြတ်ဘုရား ကိုယ်တော်တိုင် ကြွရောက်တော်မူပါတယ်။ နတ်၊ ဗြဟ္မာတွေက ပရိတ်တော် နာကြားဖို့နဲ့ ဘုရားရှင်ကို ဖူးမြင်ဖို့ မဏ္ဍပ်ဝန်းကျင်မှာ ပြည့်နေတဲ့အတွက် ကလေးကို စားမယ့် 'အဝရုဒ္ဓ'ဘီလူးဟာ ကလေးနား မကပ်နိုင်တော့ပါဘူး။ ရှစ်ရက် မြောက်သောနေ့မှာ ပုဏ္ဏားက ကလေးကိုချီပြီး ဗုဒ္ဓဘုရားကို ရှိခိုးစေပါတယ်။ ဗုဒ္ဓက 'အသက်ရှည်စေသော်'လို့ မေတ္တာစကားမိန့်လိုက်တော့ ကလေးအမည်ကလဲ အာယုဝဍ္ဎနမောင်သက်ရှည်လို့ အမည်တွင်ပါတော့တယ်။ မြတ်စွာဘုရား လက်ထက်က ဘယ်ရဟန္တာတွေ ပါဝင်တယ်ဆိုတာ မှတ်တမ်း မတွေ့ရပေမယ့် အခု ကျွန်တော်တို့ ဘုရားကိုးဆူပွဲတွေမှာတော့ တိတိကျကျ သတ်သတ်မှတ်မှတ် ဆောင်ရွက်ကြပါတယ်။ အရှေ့မြောက်ထောင့်မှာ အရှင်ရာဟုလာ၊ အရှေ့မှာ ရှင်ကောဏ္ဍည၊ အရှေ့တောင်မှာ ရှင်ရေဝတ၊ တောင်အရပ်မှာ ရှင်သာရိပုတ္တရာ၊ ရှင်ဥပါလိက အနောက်တောင်ထောင့်၊ ရှင်အာနန္ဒာက အနောက်၊ ရှင်ဂဝံပတိက အနောက်မြောက်နဲ့ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးကို မြောက်အရပ်မှာ ပင့်ဖိတ်ထားလေ့ရှိကြပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ကတော့ အလယ်ပလ္လင်မှာပေါ့"

"အဘ မသိလို့မေးတာပါနော်၊ ဘယ်လိုမှမအောက်မေ့ပါနဲ့။ ဂြိုဟ်မင်းကြီးတွေကိုလည်း ပင့်ဖိတ်ရတယ်မို့လား။ ဒါဆိုလောကီဆန်သွားပြီပေါ့"

"ဟုတ်ပါတယ်ဆရာ၊ ဂြိုဟ်ကြီးကိုးလုံးကိုလည်း ပင့်ဖိတ်ပူဇော်ကျွေးမွေးရပါသေးတယ်။ ဗေဒင်ကိန်းခန်းအရ ကံဇာတာနိမ့်ကျတဲ့အခါမျိုး၊ ဂြိုဟ်စီး ဂြိုဟ်နင်း ရှိတဲ့အခါမျိုးနဲ့ လောကီနည်းအရ ကျန်းမာသက်ရှည်ရန်နဲ့ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတိုးတက်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာရေးဆိုင်ရာကိုရှေ့ထားပြီး လောကီနည်းပါ စီမံခြင်းဖြစ်ပါတယ်ခင်ဗျ"

"ကျေးဇူးတင်ပါတယ်အဘ၊ မြတ်ဗုဒ္ဓကတော့ ရန်ကိုရန်ချင်း လက်စားချေလို တောင်းဆုဆိုကာ မတုံ့နှင်းစေဖို့ တစ်ဦးနှင့်တစ်ဦး မကျေနပ်မှုများကို လက်တုံ့ပြန်ခြင်းနည်းဖြင့် ဖြေရှင်းနေကြရင် သံသရာရှည်သည်ထက်ရှည်၊ ဘဝတွေ နိမ့်သည်ထက်နိမ့်သွားမှာစိုးလို့ စံပြဥပမာတစ်ခု အနေနဲ့ ကလေးငယ်ကို မောင်သက်ရှည်လေးဖြစ်စေပြီး ရန်ကြွင်းရန်စကို ငြိမ်းပေးလိုက်တာပေါ့နော်"

"ဆရာပြောတာ ဟုတ်တယ်ခင်ဗျ၊ မြတ်စွာဘုရားရဲ့ မဟာ ကရုဏာတော်ဆိုတာ သိပ်လေးနက်တာပါ"

ဟု ဦးလေးချောက ထောက်ခံ ဖြည့်စွက်ပါသည်။

"ဆရာတို့ စကားကောင်းနေတာတော့သိပါတယ်။ အုန်းနို့ခေါက်ဆွဲပွဲတွေပြင်ပြီးနေပြီမို့ ဒီဘက်ဝိုင်းမှာ ဆက်ဆွေးနွေးကြပါရှင်"

ဟု အိမ်ရှင် ဒေါ်စောခင်က ဖိတ်ကြားသဖြင့် စကားဝိုင်းမှ စားဝိုင်းသို့ ပြောင်းကြပါသည်။

"အန်တီ ဒေါ်စောခင်ရဲ့ အုန်းနို့ခေါက်ဆွဲက အလွန်စားလို့ကောင်းပါတယ်။ နံနက်ပိုင်း ဒါမှမဟုတ် နေ့လယ်ပိုင်းဆို ပိုကောင်းမှာ"

"ရပါတယ်ဆရာ၊ မနက်ဖြန်နံနက် ဆရာ့အိမ် ပို့ပေးပါမယ်"

"ဒီအဓိပ္ပာယ်မဟုတ်ပါဘူးခင်ဗျာ၊ အုန်းနို့ဆိုတော့ အဆီအဆိမ့်များတယ်မို့လား။ ညစားပြီးရင် ခန္ဓာကိုယ် သိပ်လှုပ်ရှားမှု မရှိတော့တဲ့အတွက်ကြောင့် စားပြီးလို့ သွေးကြောထဲရောက်တဲ့ အဆီဓာတ်ဟာ အနည်ထိုင်လွယ်တာပေါ့။ ဒါကြောင့် နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါ ရှိသူများနဲ့ သက်ကြီးရွယ်အိုများ ညအချိန် အဆီအဆိမ့် မစားသင့်တဲ့ သဘောပါ"

"ဟုတ်ကဲ့ပါဆရာ မှတ်ထားပါမယ်။ သံပရာသီးချဉ်ချဉ်၊ ကြက်သွန်များများထည့်စားရင် အအီပြေပါလိမ့်မယ်"

ဦးလေးချော၏ဇနီး အမေဒေါ်တင်ညွန့်တို့အဖွဲ့ ရောက်လာ၍ ယခင်အပတ်က ကျွန်တော်ပေးလိုက်သော အာဟာရနှင့် ပတ်သက်သည့် ဇယားများအကြောင်း ဝေဖန်ပါတော့သည်။

"ဆရာရယ် ဆရာကတော့ စာရင်းဇယားတွေ အမျိုးမျိုးနဲ့ ကျွန်မတို့ အိမ်ရှင်မများကို ချာချာလည်စေပါပြီ။ လူတစ်ယောက်ရဲ့ လိုအပ်ချက် ကယ်လိုရီ ဘယ်လောက်၊ ပရိုတင်း ဘယ်လောက်၊ ဗီတာမင်နဲ့ မင်နရယ် ဘယ်လောက်လို့သာ ဆိုထားတာ။ ကျွန်မတို့ ဆက်သိချင်တာက ထမင်း

ဒေါက်တာ လှခင်ကို

တစ်ကျပ်သား၊ တစ်ဆယ်သားမှာ ကယ်လိုရီဘယ်လောက်၊ ဥပမာ-ဥ-အုန်းနို့ခေါက်ဆွဲ တစ်ဆယ်သားမှာ ဘာဓာတ်တွေ ဘယ်လောက် ပါဝင်နိုင်တယ် ဆိုတာမျိုး။ ပဲစင်းငုံဟင်းရည်၊ ပဲကုလားဟင်း၊ မျှစ်၊ ချဉ်ပေါင်ကြော်၊ အစိမ်းကြော်၊ ငါးပိချက် စသည်ဖြင့်ပေါ့လေ။ ဒါမှ ကျွန်မတို့က လိုအပ်ချက်နဲ့ ပါဝင်မှုယှဉ်ပြီး ချိန်ဆချက်ပြုတ်နိုင်ကြမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာခင်ဗျာ။ အမေတို့၊ ဒေါ်ဒေါ်တို့ သိချင်စိတ်ကို စောင့်နေတာပါ။ ကျွန်တော့်ဘက်က အလုံးစုံနီးပါး ဖြန့်ဖြူးဝေငှနိုင်အောင် စုဆောင်းထားပါတယ်။ စာရွက်ပေါ်မှာ ကိုယ်သိချင်တဲ့ ဟင်းအမည်၊ အသီးအရွက်အမည်များ ရေးပေးလိုက်ပါ။ ကျွန်တော့် ကွန်ပျူတာထဲမှာ စုဆောင်းထားတဲ့ထဲက ထုတ်ယူပြီး မနက်ဖြန် ဝေငှပေးပါ့မယ်။"

"တကယ်လားဆရာ၊ ဘာတွေရေးရမှာလဲ"

"ရေးချင်တာသာရေးချလိုက်ပါ။ ဦးနှောက်နဲ့ မစဉ်းစားဘဲ ပါးစပ်မှာ စားဖူးတဲ့ စားစရာတွေကိုသာ ရေးချလိုက်ပါ။ ဥပမာ-လက်ဖက်သုပ်၊ အသုပ်စုံ၊ ထမနဲ၊ ထိုးမုန့်၊ နံပြား၊ ဆန္ဒွင်းမကင်း၊ စာလေးခွေ၊ ပေါင်မုန့်ထောပတ်သုတ်၊ လိမ္မော်သီး၊ သရက်သီး၊ သင်္ဘောသီး၊ငါးသလဲထိုး၊ ငါးသလောက်၊ ငါးရှဉ့် စသည်တို့ရဲ့ ၁၀၀-ဂရမ်မှာ ကယ်လိုရီ ဘယ်လောက်၊ ပရိုတင်း၊ အဆီ၊ ကစီဓာတ်ဘယ်နှဂရမ်၊ ဗီတာမင် ဘယ်လောက်မီလီဂရမ် စသည်ဖြင့် ဖော်ပြပေးပါမယ်။ ကျွန်တော် ၁၀စုံထုတ်ထားပါမယ်။ မနက်ဖြန် ၇နာရီဆို လာယူနိုင်ပါပြီ။ အဲဒီ ၁၀စုံကနေပြီး ကုသိုလ်ဖြစ် ဝေငှပေးကြပါလို့ ပန်ကြားပါရစေ"

"ဆရာမ ဒေါ်ညွန့်ညွန့်ချောတို့ဆိုရင် မိမိတို့အတန်းထဲက ကျောင်းသူကလေးများကိုပြောပြ၊ ဆရာမအချင်းချင်း ဆွေးနွေးကြနဲ့ ဗဟုသုတပြန့်ပွားအောင် လုပ်ပေးကြပါတယ်။ အန်တီဒေါ်တင်ကြည်တို့၊ အန်တီမြင့်တို့ကလဲ ရပ်ကွက်မှာ ဦးဆောင်ဦးရွက်ပြုနေကြလေတော့ အာဟာရဗဟုသုတပြန့်ပွားရေးအသင်း ထောင်၊ နှစ်ပတ်တစ်ခါဆိုသလို စုပေါင်းချက်ပြုတ်ထားပြီး အာဟာရဗဟုသုတ ဆွေးနွေးဖြန့်ဖြူးခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အကျိုးပိုပြုနိုင်တာပေါ့။ ဂျပန်နိုင်ငံမှာ ဒီလိုလုပ်ကြတာ ကျွန်တော် တွေ့ဖူးပါတယ်။"

"ဆရာ ကျွန်မ၊ နက်ဖြန်ခါဈေးကအပြန် ဝင်ယူမယ်ဆရာ"

"ကျွန်မကတော့ ဈေးအသွားကတည်းက ဝင်ယူပါ့မယ်"

ကျွန်တော် ကွန်ပျူတာရှေ့တွင် ယနေ့ည အချိန်အတော်ကြာ ထိုင်ရပါဦးမည်။ လိုလားသူများ၊ လိုအပ်သူများအတွက် ဗဟုသုတရာကြဲ ပေးရမည်ဟူသော အသိကြောင့် ပင်ပန်းမည်မထင်၊ ဝမ်းသာ၍ပင် နေပါသေးသည်။

အလေးချိန် ၁၀၀ ဂရမ် (၆.၁၃ ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ(မြန်မာ့ဟင်းလျာ)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင်အေ အိုင်ယူ	ဗီတာမင်ဘီ-၁ မီလီဂရမ်	ဗီတာမင်ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	ငါးရံ့ခြောက်	၃၂၈	၆၆.၁	၇.၀	၀.၁	၀.၁	-	၀.၁၂	၀.၁၃	-	-	၉.၁
၂	ငါးသလဲထိုးခြောက်	၂၈၀	၇၁.၄	၃.၄	-	၁၇၀၀.၀	-	၀.၁	၀.၁၆	-	-	၂.၈
၃	ငါးပိရည်ကျို	၁၅၂	၁၅.၂	၈.၀	၃.၉	၂၂.၀	၁၇၀	၀.၀၂	၀.၁၆	၀.၈	-	၃.၄
၄	စိမ်းစားငါးပိ	၁၂၀	၁၈၃	၂.၂	၆.၅	၁၄၂၆.၀	-	၀.၀၁	-	-	-	၃.၀
၅	ပုစွန်ခြောက်	၃၃၈	၇၇.၁	၃.၀	-	၂၅၁.၀	-	၀.၀၆	၀.၂၇	၅.၇	-	၁၉.၆
၆	ပုစွန်တုပ်ကြီး	၉၄	၁၇.၉	၁.၄	၁.၂	၅၈.၀	၈၅	၀.၀၁	၀.၀၈	၃.၀	၂	၁.၀
၇	ငါးဖယ်	၈၉	၁၇.၅	၁.၆	၀	၄၅.၀	၁၈၇	၀.၀၄	၀.၀၇	၈.၅	-	၁.၂
၈	ငါးမြင်း	၉၉	၁၉.၈	၁.၆	၀	၇၄.၀	-	၀.၀၂	၀.၁၅	၅.၃	-	၀.၇
၉	ငါးရံ့	၈၉	၁၈.၅	၁.၆	၀.၀၄	၉၆.၀	၈၃	၀.၀၄	၀.၁၂	၂.၃	-	၁.၉
၁၀	ငါးသလောက်	၂၇၃	၂၁.၈	၁၉.၄	၂.၉	၁၈၀	-	-	-	-	-	၂.၁
၁၁	ကြက်ဥ	၁၃၅	၁၇.၄	၆.၀	၂.၀	၁၇.၀	၈၉	၀.၁၄	၀.၂၅	၇.၀	၀.၇	၁.၃၃
၁၂	ကြက်သားဟင်း	၂၈၃	၁၃.၀	၂၅.၀	၃.၀	၁၆.၀	၅၂၇	၀.၁	၀.၁	၆.၀	၄.၀	၁.၄
၁၃	ဝက်သားနှပ်	၃၃၈	၁၁.၀	၃၂.၀	၃.၀	၂၁.၀	၁၂၁	၀.၅	၀.၅	၀.၂	၃.၀	၂.၀
၁၄	ဆိတ်သားဟင်း	၂၀၀	၁၃.၀	၁၅.၀	၂.၀	၂၃.၀	၁၀၃	၀.၂	၀.၂	၃.၃	၃.၀	၂.၀
၁၅	ဘဲသားဟင်း	၁၀၈	၁၁.၉	၂၆.၄	၁.၇၉	၂၅.၀	၆၂	၀.၀၉	၀.၂၇	၄.၀၉	၁.၈၄	၁.၆၉
၁၆	ဘဲဥဟင်း	၂၀၉	၈.၉	၁၆.၇	၅.၄၁	၄၀.၈	၆၈၃	၀.၁	၀.၁၉	၀.၃၁	၆.၁၆	၂.၅၆
၁၇	မုန့်ဟင်းခါး	၁၅၈	၇.၀	၈.၀	၁၄.၀	၂၆.၀	၁၅၃	၀.၁	၀.၁	၁.၂	၆.၀	၁.၃
၁၈	အုန်းနို့ခေါက်ဆွဲ	၂၂၁	၈.၀	၁၇.၀	၁၀.၀	၂၄.၀	၂၂၇	၀.၁	၀.၁	၃.၀	၇.၀	၂.၀
၁၉	လက်ဖက်သုပ်	၁၆၀	၉.၀	၁၀.၀	၁၁.၀	၉၃.၀	၃၄၃	၀.၁	၀.၁	၀.၁	၃၁.၀	၁၉.၀
၂၀	လက်သုပ်စုံ	၁၇၅	၄.၀	၁၂.၀	၁၄.၀	၆၀.၀	၃	၀.၀၅	၀.၀၇	၀.၈	၇.၀	၂.၁၃

အလေးချိန် ၁၀၀ ဂရမ် (၆.၁၃ ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ (အသီးများ)

စဉ်	အမျိုးအမည်	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင်အေ အိုင်ယူ	ဗီတာမင်ဘီ-၁ မီလီဂရမ်	ဗီတာမင်ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	မက်မန်းသီး	၄၅	၀.၅	၀.၃	၁၁.၄	၁၀.၀	၅၀	၀.၀၂	၀.၀၅	၀.၅	၈	၀.၆
၂	ရှောက်သီး	၂၈	၀.၇	၀.၈	၇.၆	၃၂.၀	၈	၀.၀၄	၀.၀၂	၀.၁	၅၀	၀.၃
၃	ရှောက်ပန်းသီး	၃၉	၀.၆	၀.၁	၁၀.၀	၁၂.၀	၃၃	၀.၀၇	၀.၀၆	၀.၅	၃၈	၁.၀
၄	လိမ္မော်သီး	၄၁	၀.၇	၀.၂	၁၀.၂	၂၆.၀	၂၅၆	၀.၀၉	၀.၀၄	၀.၄	၄၂	၀.၂
၅	လိုက်ချီးသီး	၆၅	၀.၈	၀.၄	၁၆.၃	၁၀.၀	၀	၀.၀၅	၀.၀၆	၀.၆	၅၀	၀.၃
၆	သရက်သီးမှည့်	၆၂	၀.၆	၀.၃	၁၅.၉	၁၀.၀	၁၀၃၄	၀.၀၆	၀.၀၅	၀.၆	၃၆	၀.၃
၇	သရက်သီးစိမ်း	၆၀	၀.၆	၀.၄	၁၅.၃	၁၀.၀	၆၁	၀.၀၆	၀.၀၅	၀.၆	၆၂	၀.၂
၈	သံပရာသီး	၃၆	၀.၅	၂.၄	၅.၉	၁၃.၀	၆	၀.၀၃	၀.၀၂	၀.၁	၄၆	-
၉	သင်္ဘောသီးမှည့်	၄၅	၀.၅	၀.၁	၁၁.၈	၂၄.၀	၃၉၁	၀.၀၃	၀.၀၅	၀.၄	၇၃	၀.၇
၁၀	သခွားသီးမှည့်	၂၆	၁.၀	၀.၃	၅.၆	၁၈.၀	၅၀	၀.၀၅	၀.၀၂	၀.၄	၂၅	၀.၅
၁၁	သစ်တော်သီး	၄၄	၀.၄	၀.၂	၁၁.၄	၁၀.၀	-	၀.၀၃	၀.၀၃	၀.၁	၄	၀.၆
၁၂	သလဲသီး	၇၂	၁.၀	၀.၆	၁၇.၇	၁၃.၀	၀	၀.၀၇	၀.၀၁	၀.၃	၇	၀.၇
၁၃	ဆီးဖြူသီး	၅၈	၀.၇	၀.၅	၁၄.၃	၂၉.၀	၃၃	၀.၀၃	၀.၀၄	၀.၂	၂၇၆	၀.၅

စာမျက်နှာ ၁၁ ကော်လံ ၁သို့

မတ် ၁၃ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)ရပ်ကွက် ပဏ္ဍိတာရာမကျောင်းတိုက်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ အောင်လက်မှတ်နှင့်ဆုပေးပွဲကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေလာသက ပထမဆုရ မသဲစုဖြိုးအား အောင်လက်မှတ်ပေးအပ်စဉ်။ (က-ပ)

ကော့ကရိတ်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၄

ကော့ကရိတ်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အသင်းတိုက်တည်ရာ အမှတ်၂၆၇ ပြည်လမ်း စမ်းချောင်း နာယက ဒေါ်သန်းသန်း၏နေအိမ်တွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရောက် ကော့ကရိတ်နယ်သူနယ်သားများနှင့် အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားပြီး ကန်တော့ခံဘိုးဘွားများနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများစာရင်းကို မတ်၃၁ရက် နောက်ဆုံးထားပေးပို့ရန်နှင့် အလှူငွေများကို ဦးချစ်ဆွေ ဖုန်း-၀၉-၅၁-၀၇၂၅၅၊ ဦးဝမ်ထုံး ဖုန်း-၀၉-၅၀-၂၀၃၇၉၊ ဒေါ်နီနီဝင်း ဖုန်း- ၅၂၆၁၄၃၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀-၀၃၉၀၇နှင့် ဒေါ်သန်းမြင့် ဖုန်း- ၅၄၅၇၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကေသရ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၄

နိုင်ငံတော် ဩဝါဒါစရိယ တနင်္သာရီတိုင်း မြိတ်ခရိုင်မြိတ်မြို့ ရွှေတောင်ကျောင်းတိုက်ကြီး၏ ပဓာနနာယက သက်တော် (၉၀)၊ သိက္ခာတော်(၇၁)ဝါရှိ ဆရာတော် ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးသည် ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၃ ရက် (မတ် ၁၂ ရက်) စနေနေ့ နံနက် ၁၀ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ တနင်္သာရီတိုင်း မြိတ်မြို့နယ် ရွှေတောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် မတ် ၁၄

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ဆင်ချောင်းရွာ ခမည်းတော် ဦးဘိုးရိပ်-မယ်တော် ဒေါ်ညွန့်တို့မှ ၁၂၇၆ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (တနင်္လာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်၊ ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ်တွင် ဆင်ချောင်းကျောင်းဆရာတော် ဦးတေဇဝန္တကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၇ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်(တနင်္လာနေ့)နံနက် ၉နာရီအချိန်တွင် ပန်းတနော် မြို့နယ် ဆင်ချောင်းကျောင်းဆရာတော် ဦးတေဇဝန္တကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဆင်ချောင်းရွာ ဆင်ချောင်းကျောင်းဆရာတော်ထံတွင် ပိဋကအခြေခံကျမ်းစာများကို ရဟန်းဖြစ်သည်အထိ သင်ယူဆည်းပူးတော်မူခဲ့ပြီး ရဟန်းဖြစ်တော်မူသည့်အချိန်မှစ၍ ကျုံပျော်မြို့နယ် အင်းမရွာ ရွာလယ်ကျောင်းဆရာတော် ဦးဝါယမ၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် တောင်ဘီလူးကျောင်းဆရာတော် ဦးကေတု၊ သုံးခွမြို့နယ် လေးကျွန်းမာန်အောင်ကျောင်း ဆရာတော် ဦးနန္ဒ၊ နွားထိုးကြီးမြို့နယ် အင်းဝကျောင်း ဆရာတော် ဦးအာစိဏ္ဏတို့ထံတွင် ပါဠိအဋ္ဌကထာဋီကာကျမ်းများကို သင်ကြားတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် တိပိဋကကျမ်းစာ အဖြာဖြာတို့ကို ဆရာသမားများထံမှ လေ့လာသင်ကြားခဲ့ပြီးနောက် ရွှေတောင်ကျောင်းတိုက်ကြီး၏ နာယကဆရာတော်အဖြစ် သီတင်းသုံးတော်မူသည့်အချိန်မှစ၍ တပည့်ရဟန်း သာမဏေတို့အား ပိဋကအခြေခံကျမ်းစာများနှင့် ပါဠိအဋ္ဌကထာ ဋီကာတို့ကို သင်ကြားပို့ချတော်မူပြီး မြိတ်မြို့နယ် ပရိယတ္တိသာသနာ့ နုဂ္ဂဟအသင်းကြီး၏ နာယကနှင့် မြိတ်မြို့ အတုလမဟာလောကမာရဇိန်ဘုရား၊ လေးကျွန်းဆီမီးသိမ်တော်ကြီးစသည့် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ အမှတ်-၁၆/၈၇တွင် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို အသီးသီး ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တကေသရသည် ၁၉၉၁ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၆၆ခုနှစ် တပေါင်းလဆန်း၃ ရက်(၁၂-၃-၂၀၀၅ရက်) စနေနေ့ နံနက် ၁၀ နာရီ မိနစ်၃၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အလေးချိန် ၁၀၀ ဂရမ် (၆.၁၃ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ (အသီးများ)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင် အေ အိုင်ယူ	ဗီတာမင် ဘီ-၁ မီလီဂရမ်	ဗီတာမင် ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁၄	တရုတ်ဆီးသီး	၈၂	၁.၆	၀.၄	၂၀.၅	၃၇.၀	၂၂	၀.၀၃	၀.၀၃	၀.၇	၄၆	၀.၈
၁၅	ထန်းသီး	၂၂	၁.၇	၀.၅	၂.၈	၈၆.၀	၂.၀	၀.၀၆	၀.၀၆	၀.၄	၂	၂.၈
၁၆	ထောပတ်သီး	၁၀၂	၁.၁	၆.၁	၁၃.၂	၁၂.၀	၁၁၃	၀.၀၅	၀.၁၀	၁.၄	၈	၀.၇
၁၇	ဒူးရင်းသီး	၁၂၄	၂.၅	၁.၆	၂၈.၃	၂၀.၀	၅	၀.၂၇	၀.၂၉	၀.၂	၃၇	၂၀.၉
၁၈	နာနတ်သီး	၄၇	၀.၇	၀.၃	၁၁.၆	၁၇.၀	၁၉	၀.၀၆	၀.၀၃	၀.၃	၂၂	၀.၅
၁၉	ပိန္နဲသီး	၁၅၂	၀.၉	၀.၆	၃၄.၈	၁၄.၄	၁၂၉	၀.၀၆	၀.၂၀	၀.၇	၇	၀.၄
၂၀	ပန်းသီး	၅၁	၀.၄	၀.၃	၁၃.၂	၁၀.၀	၁၁	၀.၀၂	၀.၀၃	၀.၂	၄	၀.၅
၂၁	ဖရဲသီး	၂၁	၀.၆	၀.၂	၄.၉	၈.၀	၇၇	၀.၀၃	၀.၀၃	၀.၂	၆	၀.၂
၂၂	မာလကာသီး	၆၉	၁.၀	၀.၄	၁၇.၃	၁၅.၀	၄၁	၀.၀၅	၀.၀၄	၁.၁	၁၃၂	၀.၇
၂၃	မရန်းသီးစိမ်း	၄၆	၁.၀	-	၁၁.၉	၉၀.၀	၀	၀.၀၄	၀.၀၃	-	၂၄၃	၀.၅
၂၄	မင်းကွတ်သီး	၅၇	၀.၅	၀.၃	၁၄.၇	၁၀.၀	၀	၀.၀၃	၀.၀၂	၀.၀၆	၄	၀.၅
၂၅	ကျွဲကောသီး	၃၉	၀.၇	၀.၃	၉.၅	၂၇.၀	၁၇	၀.၀၅	၀.၀၂	၀.၃	၅၃	၀.၅
၂၆	ငှက်ပျောသီးရခိုင်	၁၂၄	၀.၉	၀.၁	၃၀.၄	၁၉.၀	၁၂၄	၀.၀၁	၀.၀၂	၁.၆	၁၀	၀.၅
၂၇	ငှက်ပျောသီးဖီးကြမ်း	၁၀၈	၀.၈	၀.၁	၂၆.၅	၂၀.၀	၂၆၁	၀.၀၈	၀.၀၄	၀.၇	၇	၀.၃
၂၈	စပျစ်သီး	၅၀	၀.၅	၀.၃	၁၂.၈	၉.၀	၂၈	၀.၁၀	၀.၀၆	၀.၂	၄	၀.၆
၂၉	စတော်ဘယ်ရီ	၃၄	၀.၈	၀.၅	၇.၆	၂၅.၀	၆	၀.၀၄	၀.၀၃	၀.၄	၅၃	၀.၉
၃၀	ခွေးချီးသီး	၄၆	၀.၂	၀.၁	၁၂.၄	၅၆.၀	၁၁၃	၀.၀၅	၀.၀၂	၁.၄	၃၆	၀.၃

အလေးချိန် ၁၀၀ဂရမ် (၆.၁၃ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ(မီးဖိုချောင်သုံး)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင် အေ အိုင်ယူ	ဗီတာမင် ဘီ-၁ မီလီဂရမ်	ဗီတာမင် ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	ကြက်သွန်ဖြူ	၁၁၇	၃.၅	၀.၃	၂၇.၄	၁၈	-	၀.၂၄	၀.၀၅	၀.၄	၁၀	၁.၅
၂	ကြက်သွန်နီ	၃၈	၁.၆	၀.၂	၉.၀	၃၀	-	၀.၀၆	၀.၀၄	၀.၂	၉	၁.၀
၃	ကန်စွန်းဥ(ဝါ)	၁၁၅	၁.၂	၀.၃	၂၇.၁	၃၆	၉၂၄	၀.၁၂	၀.၀၅	၆.၀	၃၀	၀.၉
၄	ဂျုံးမြစ်	၃၇	၀.၆	၀.၅	၇.၅	-	-	-	-	-	-	၀.၁
၅	မှို	၂၈	၂.၅	၀.၃	၅.၃	၁၇	၈	၀.၁၁	၀.၀၉	၀.၆	၉	၀.၉
၆	မှိုချဉ်	၃၄	၂.၂	၁.၀	၅.၇	၂၁	၀	၀	၀	-	၀	၁.၁
၇	မုန်လာဥ(ဝါ)	၃၇	၁.၁	၀.၃	၈.၃	၃၆	၃၈၅၀	၀.၀၆	၀.၀၅	၀.၇	၈	၁.၂
၈	မုန်လာဥ(နီ)	၄၄	၁.၆	၀.၂	၁၀.၀	၂၃	-	၀.၀၂	၀.၀၄	၀.၃	၆	၁.၁
၉	အာလူး	၈၂	၂.၀	၀.၁	၁၈.၇	၉	-	၁.၀၁	၀.၀၄	၁.၆	၁၈	၀.၈
၁၀	ကုလားပဲခြမ်း	၃၆၈	၁၈.၆	၄.၂	၆၃.၉	၁၂၆	၈	၀.၂၇	၀.၂၆	၁.၂	-	၁.၄
၁၁	စားတော်ပဲပြုတ်	၂၄၇	၁၆.၅	၁.၀	၄၄.၆	၄၂	၃၉	၀.၇၇	၀.၁၈	၁.၁	-	၃.၃
၁၂	တိုဟူး	၁၅၇	၁၀.၃	၁၉.၀	၁.၁	၃၁၀	-	-	၀	-	-	၄.၇
၁၃	ပဲပုပ်အခြောက်	၄၀၀	၃၅.၀	၁၈.၀	၃၂.၀	၂၂၆	၆	၀.၆၆	၀.၂၂	၂.၂	၀	၈.၅
၁၄	ပဲကြီး	၃၅၂	၂၄.၆	၀.၈	၆၁.၀	၁၇၈	-	-	၀.၁၇	-	-	၃.၉
၁၅	ပဲရာဇာ	၃၅၀	၂၂.၅	၁.၅	၆၀.၆	၈၂	-	၀.၃၃	၀.၂၂	-	-	၇.၅
၁၆	ပဲစင်းငုံ	၃၅၁	၂၂.၂	၁.၅	၆၂.၃	၁၁၂	၈၈	၀.၃၆	၀.၃၁	၂.၂	-	၅.၂
၁၇	နှမ်းဆီ	၈၈၁	၀.၂	၉၉.၇	၀.၁	၁၀.၀	၀	၀.၀၁	၀.၀၇	၀.၁	၀	၀.၁
၁၈	မြေပဲဆီ	၈၈၄	-	၉၉.၉	၀	၀	၀	၀	၀	၀	၀	၀
၁၉	စားအုန်းဆီ	၈၈၃	-	၉၉.၉	၀	၂.၀	-	-	-	-	-	-
၂၀	ထမင်း(ဆန်ဖြူ)	၁၅၅	၂.၅	၀.၄	၃၄.၂	၅.၀	၀	၀.၀၂	၀.၀၁	၀.၃	၀	၀.၆

ကချင်ပြည်နယ်သည် တွင်းထွက် နှင့် မြေသယံဇာတ ပေါကြွယ်သော ပြည်နယ်ဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဇောက်ချဆောင်ရွက်ပါက စီးပွားဖွံ့ဖြိုးလာမည်

ရန်ကုန် မတ် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၉ ရက် နံနက် ၇နာရီက တနိုင်းတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ဟူးကောင်းခန်းမသို့ရောက်ရှိပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနိုင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဒေသဆိုင်ရာအချက်အလက်များ၊ အဓိကသီးနှံ၁၀မျိုး စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် တနိုင်းမြို့သည် နာမည်ကျော် လီဒိုလမ်းမကြီးနှင့်အတူ နာမည်ကျော်ကြားပြီး သာယာလှပသော မြို့တစ်မြို့ဖြစ်ကြောင်း၊ ကျယ်ပြန့်သော လွင်ပြင်ဖြစ်၍ စိုက်ပျိုးရေးအတွက် အရေးပါသော မြို့လည်းဖြစ်ကြောင်း၊ သို့သော်မြို့နေလူဦးရေ နည်းပါးသောကြောင့် စိုက်ပျိုးရေးကို စက်မှုလယ်ယာကဏ္ဍအဖြစ် အစားထိုး၍ စီးပွားဖြစ် လုပ်ကိုင်ကြရန် လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ၊ မိမိမြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ချင်ကိုင်ချင်စိတ်ရှိရန်သာ လိုကြောင်း၊ စိုက်ပျိုးရေး ဝန်ထမ်းများကလည်း စံနမူနာပြ ကြိုးပမ်းလုပ်ဆောင်ရန် လိုကြောင်း၊ ကချင်ပြည်နယ်သည် တွင်းထွက်သံယဇာတပေါကြွယ်ဝသကဲ့သို့ မြေသံယဇာတ လည်း ပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ကျိန်းသေသည့် စီးပွားရေး လုပ်ငန်းကြီး တစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုသာ ဇောက်ချဆောင် ရွက်နိုင်မည်ဆိုပါက မြို့နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး တစ်ဦးချင်းဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုကြည့်လျှင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တစိုက်မတ်မတ် ဇောက်ချလုပ်ကိုင်နိုင်သည့်သူများအနေဖြင့် စီးပွားရေးပိုမိုဖွံ့ဖြိုးမှုရှိသည်ကို တွေ့ရ ကြောင်း၊ တနိုင်းမြို့မှ ဒေသခံပြည်သူများသည်လည်း မိမိမြို့၏ မြေအနေအထား၊ ရာသီဥတုအခြေခံကောင်းများ ရရှိနေကြ၍ စိုက်ပျိုးရေးကို စက်မှုလယ်ယာမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ တောင်စောင်း များပေါ်တွင် နှစ်ရှည်သီးနှံရော်ဘာနှင့် အမည်သစ်သီးနှံ လက်ဖက်၊ ကော်ဖီ တို့ကို စီးပွားဖြစ်စိုက်ပျိုးကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ လာသည်နှင့်အမျှ မိမိဒေသမှ ထွက်ကုန်များကို အခြားဒေသများနှင့် ပြည်ပ ဈေးကွက်သို့ တင်ပို့နိုင်ပါမှ မြို့နေလူထု၏ လူမှုစီးပွားဘဝပိုမိုမြင့်မားကာ အမှန်တကယ်ချမ်းသာကြွယ်ဝလာကြမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ တပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေး လျက်ရှိသကဲ့သို့ အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက် နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင် ပြည်နယ်တစ်ဝန်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးများ အပါအဝင် တံတားကြီးများကို တည်ဆောက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ စေတနာကို သိမြင်သဘော ပေါက် ကြပြီး မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိမြို့ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြော ကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တနိုင်းမြို့အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးဖီးလစ်ဒီးဆမ်က လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဗလာစာအုပ်ဒါဇင် ၁၀၀၊ ဆေးဝါးမျိုးစုံ တစ်သေတ္တာနှင့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ကလှူဒါန်းသည့် အမျိုးသားဝတ် လုံချည်အထည် ၁၀၀၊ အမျိုးသမီးဝတ် လုံချည်အထည် ၁၀၀၊ ကလေးနို့မှုန့်ဘူး ၂၄ဘူး၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသည့် ဗလာစာအုပ်ဒါဇင် ၁၀၀၊ ခဲတံအချောင်း ၃၀၀၊ ဘောပင်အချောင်း ၃၀၀တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ပညာရေးရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းနှင့် အားကစားအသုံးအဆောင်ပစ္စည်းများ၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် နန်းယွန်း၊ ပန်ဆောင် ရေပေးရေးအတွက် ပိုက်များဂဟေဆော်ရန်ဂဟေဆော်စက် တစ်လုံးကို အထူး အရာရှိဗိုလ်မှူးကြီးသန်းရှိန်က ပေးအပ်ရာ တနိုင်းတပ်နယ်မှ ဗိုလ်မှူးကြီး ရဲအောင် က လက်ခံသည်။

ယင်းနောက် ဆီးဆန်းစတားကုမ္ပဏီက အမျိုးသားဝတ်လုံချည်အထည် ၁၀၀နှင့် အမျိုးသမီးဝတ်လုံချည်အထည် ၁၀၀တို့ကိုပေးအပ်ရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ၂၂ရက်(ပြည်ထောင်စုနေ့)တွင်ဖွင့်လှစ်ခဲ့သည့် အရှည်၉၄၂ပေရှိသံမဏိ သံပေါင်အမျိုးအစား တနိုင်းတံတားကြီးသို့ရောက်ရှိပြီး တံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေနှင့် ပြုပြင်မွမ်းမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

တနိုင်းပြည်သူ့ဆေးရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ အသစ်ဆောက်လုပ်နေသည့် အလျား ၃၆ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ပေရှိ သားဖွားခန်း၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာ ဝန်ကြီး ဒေါက်တာ ဒေါ်ရီရီသွယ်က လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ အသစ်ဆောက်လုပ်နေသည့် နှစ်ထပ်တိုက်ခံ ကျောင်းဆောင်သစ်ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါကျောင်းဆောင်သစ်မှာ စာသင်ခန်း ရှစ်ခန်းပါရှိပြီး ၆၀ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် ရှဒူဇွတ်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ နယ်မြေခံ တပ်ရင်းသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းဖြစ်သည့် ပြည်သူလူထု၏ အကျိုးကို အစဉ်ဦးထိပ်ပန်ဆင်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက် ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ကြရေး၊ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ် သာအေးတို့က အမှာစကား အသီးသီးနှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှဒူဇွတ် ကျေးရွာမှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ၁နာရီ မိနစ်၅၀တွင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်နယ်မြေခံ တပ်ရင်းသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့ အတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် "ရောင်ခြည်ဦး" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ စာကြည့်တိုက်ရှေ့၌ ဖေဖော်ဝါရီ၂၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)ဦးတိုးလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြောက်ဥက္ကလာပ ကျောက်ရေတွင်း မီးရထား ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ကျောက်ရေတွင်းလမ်းတို့ကို ဆက်သွယ်တည်ဆောက်မည့် ကျောက်ရေတွင်း မီးရထား ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက တံတား တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက် များ၊ စီမံကိန်း စတင်ဆောင်ရွက်ရန် ပြင်ဆင်ဆောင် ရွက်ပြီးစီးမှု အခြေအနေနှင့် စီမံကိန်းအမြန်ပြီးစီး နိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေး စေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ဌာန ဆိုင်ရာတာဝန်ရှိသူများက တံတားတည်ဆောက်ရေး စီမံကိန်း အမြန်ပြီးစီးရေးအတွက် လုပ်ငန်းများ ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် အခြေအနေ များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တံတား တည်ဆောက်ရေးစီမံကိန်း အမြန်စတင် ဆောင်ရွက်ပြီး သတ်မှတ်ချိန်အမီပြီးစီးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ ဌာန ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း နှင့် သတ်မှတ်စံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ် သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တည် ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင် တည်နေရာ ချထားပြီးစီးမှုနှင့် အကြိုအင်ဂျင်နီယာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေ များကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ကျောက်ရေတွင်း မီးရထားခုံးကျော်တံတား သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာ လမ်းနှင့် ကျောက်ရေတွင်းလမ်းဆုံအနီးရှိ မြို့ပတ် မီးရထားလမ်းကိုဖြတ်၍ တည်ဆောက်မည့် 'ဝိုင်' ပုံသဏ္ဌာန် တံတားဖြစ်သည်။ ကျောက်ရေတွင်း မီးရထားခုံးကျော်တံတားသည် ပင်မတံတား အရှည် ၁၅၆၈ ပေ၊ ချဉ်းကပ်လမ်းအရှည် ၅၅၂ပေဖြင့် စုစုပေါင်း တံတားအရှည်ပေ၂၁၂၀ရှိပြီး ယာဉ်သွား လမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် ရထားလမ်းကင်းလွတ် အမြင့် ၁၄ ပေရှိသည့် ကြိုတင်အားဖြည့် သံကူ ကွန်ကရစ်ရက်မတံတား အမျိုးအစားဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးသွားပါက မြို့ပတ် ရထားဖြတ်သန်းချိန်တွင် ယာဉ်များ ရပ်တန့်စောင့် ဆိုင်းနေရခြင်းမရှိတော့ဘဲရန်ကုန်မြို့တွင်း မှတစ်ဆင့် မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များသို့ အချိန်တိုအတွင်း လွယ်ကူ လျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မသိဒ္ဓိကလိုင်ထော်စေတီတော်မြတ်ကြီး ဓမ္မာရုံသစ်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ဓမ္မသိဒ္ဓိ ကလိုင်ထော်စေတီတော်မြတ်ကြီး၏ (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မာရုံသစ်ကြီးတည်ဆောက်ရန်အတွက် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၂ရက်က ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကတွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပခုက္ကူ ဆရာတော် ဦးဝိဇယနှင့်ပင့်သံဃာများ ကြွရောက်တော်မူကြသည်။

အခမ်းအနား၌ ဓမ္မာရုံသစ်ကြီး တည်ဆောက်ရန် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က လှူဒါန်းငွေ ကျပ် ၁၀၀၀၀၀ **(အပေါ်ပုံ)**၊ ဗိုလ်မှူးချုပ်လှမြင့်(မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ)၊ဇနီး ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းစန်းတို့က ကျပ် ၅၀၀၀၀၊ ဗိုလ်မှူးချုပ်မြသိန်းဟန် (ငြိမ်း) ဒေါ်ခင်ခင်မြတို့က ကျပ် ၃၀၀၀၀၊ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်)မိသားစုက ကျပ် ၅၀၀၀၀၀၊ ဦးကျော်မြဟန်–ဒေါ်သင်းသင်းခိုင်သား ဂုဏ်ကျော်တော်ဟန်၊ သမီးစံထိပ်ထားဟန်မိသားစုက ၁၀၀၀၀၀၊ ဦးဝင်းမြဟန်–ဒေါ်ကေခိုင်မြတ် သမီး ဆုသစ္စာဟန်၊ ခြူးသစ္စာဟန်တို့က ကျပ် ၁၀၀၀၀၀၊ ဗိုလ်မှူးမင်းသိန်း–ဒေါ်သီတာမြဟန်၊သား စွမ်းထက်မင်းဟန် မိသားစုက ၂၀၀၀၀၊ တပ်မတော် ကြည်း၊ရေ၊လေ အမျိုးသမီးစစ်မှုထမ်းဟောင်းများက ကျပ် ၁၀၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီးလှထွန်း(ငြိမ်း) ဒေါ်ကြည်ထွန်းတို့က ကျပ် ၁၀၀၀၀၊ ဗိုလ်မှူးစိုးကြည်–ဒေါ်သူဇာနေထွန်းတို့က ကျပ် ၁၀၀၀၀၊ ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)ဇနီး ဒေါ်အေးအေးမာတို့က ကျပ် ၅၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ် ၃၀၀၀၀ အသီးသီး ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံရယူသည်။ **(၃၆၃)**

ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းကို အမည်ပြောင်းလဲထားသော စွန်ရဲအသင်းက လျှပ်စစ်စွမ်းအားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မတ်၁၂ရက်က အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက တပ်မတော်ကြည်း(ခ)အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

မတ်၁၅ရက် (ယနေ့)ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တပ်မတော်(ရေ)အသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဥက္ကာပျံခဲကျသဖြင့် ချိုင့်ဝှမ်းကြီးဖြစ်ပေါ်

အရီဇိုးနားပြည်နယ်တွင် ဥက္ကာပျံခဲကြီးတစ်ခု ကျရောက်ခဲ့သဖြင့် ကြီးမားသော ချိုင့်ဝှမ်းကြီးဖြစ်ပေါ်နေသည်ကို ဝဲပုံအတိုင်းတွေ့ရသည်။

အမေရိကန် ပြည်ထောင်စုအရီဇိုးနားပြည်နယ် ဝင်းစ်လော့မြို့အနီးတွင် လွန်ခဲ့သည့် ရာစုနှစ်ပေါင်း ၅၀၀ ခန့်က အာကာသမှ အလေးချိန်တန် ၁၀ သန်းခန့်ရှိသော ဥက္ကာပျံခဲကြီး တစ်ခုကျရောက်ခဲ့သဖြင့် သုံးမိုင်ခန့် ကျယ်ဝန်းပြီး ပေ ၆၀၀ အနက်ရှိသော ချိုင့်ဝှမ်းကြီးတစ်ခုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းဥက္ကာခဲကြီးမှာ တန်ချိန်သန်း ၃၀၀ခန့်ရှိသော ဥက္ကာခဲကြီးတစ်ခုမှပဲ့ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

(အေပီ)

နှစ်ပေါင်း ၁၀၀ ကျော်ကဒင်္ဂါးပြား

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က ဒင်္ဂါးအကြွေစေ့တစ်ခုကို ယာပုံအတိုင်းတွေ့ရသည်။

အဆိုပါဒင်္ဂါးအကြွေစေ့ကို ရှေးဟောင်း ဒင်္ဂါးပြားစုဆောင်းသူတစ်ဦးက ရှာဖွေစုဆောင်းသိမ်းဆည်းထားခြင်းဖြစ်ပြီး ယင်းဒင်္ဂါးပြားမှာလွန်ခဲ့သည့် ၁၈၉၄ ခုနှစ်ကထုတ်လုပ်ခဲ့သည့် ဒင်္ဂါးပြားဖြစ်ကာ ယခုအခါ ဒေါ်လာ ၁၃၂၂၅၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(အေပီ)**

နယူးကာဆယ်နှင့်ဘလက်ဘန်းတို့နိုင်ပွဲများရရှိ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတက်ရောက်ပြီ

လန်ဒန် မတ် ၁၄

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်နှင့်တော့တင်ဟမ်အသင်းတို့ပွဲတွင် နယူးကာဆယ်က တစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရပြီး ဘလက်ဘန်းနှင့်လက်စတာတို့ပွဲတွင် ဘလက်ဘန်းက တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရကာ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘလက်ဘန်းနှင့်လက်စတာတို့ပွဲတွင် ဘလက်ဘန်းမှ စတီဗင်ရိဒ်(ယာ)**ထိုးဖောက်ကစားမှုကို လက်စတာမှ နာလစ်ဟန့်တားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အုပ်စုပွဲစဉ်၌ နာမည်ကြီးချယ်လ်ဆီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရအောင်ကစားပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်စေခဲ့သော နယူးကာဆယ်အသင်းသည် ကွာတားဖိုင်နယ်ပွဲ၌လည်း တော့တင်ဟမ်အားတစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ကစားကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြန်ပြီဖြစ်သည်။

အဖွင့်ဂိုးရရှိ

နယူးကာဆယ်ကွင်း စိန့်ဂျိမ်းပတ်၌ ကစားရသောပွဲကို အိမ်ရှင်နယူးကာဆယ်က ပွဲချိန်စတင်သည်မှ တစ်ချိန်လုံးလိုလိုထိုးဖောက်ကစားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်း ပွဲအစငါးမိနစ်မှာပင် ညာဘက်ခြမ်းမှ ထိုးဖောက်ဆွဲယူလာသော အသင်းခေါင်းဆောင် အလန်ရှီးယားက တော့တင်ဟမ်ဂိုးဧရိယာအတွင်းရှိနေသော ကလွိုင်ဗတ်

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယူးကာဆယ်နှင့် တော့တင်ဟမ်ဟော့စပါးတို့ပွဲတွင် နယူးကာဆယ်တိုက်စစ်မှူး ကလွိုက်ဗတ် ထိုးဖောက်ဂိုးသွင်းစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကို ထိုးပေးလိုက်ရာ ကလွိုက်ဗတ်က ညာခြေဖြင့် ကန်သွင်းခဲ့သဖြင့် နယူးကာဆယ်တို့အဖွင့်ဂိုးစောစီးစွာရရှိခဲ့ခြင်းဖြစ်သည်။

ကလွိုက်ဗတ်၏ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ သူ၏၁၁ဂိုးမြောက်ဖြစ်ပြီး ချယ်လ်ဆီးနှင့် အက်ဖ်အေဖလား အုပ်စုပွဲစဉ်၌လည်း သူ၏ ခေါင်းတိုက်ဂိုးဖြင့်အနိုင်ရရှိစေကာ နယူးကာဆယ်ကို ကွာတားအဆင့်သို့ ရောက်အောင် ပို့ဆောင်နိုင်ခဲ့သည်။

တော့တင်ဟမ်တို့ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း နယူးကာဆယ်နောက်တန်းကို မကျော်နိုင်ဘဲရှိသလို ရရှိသည့်အခွင့်အရေးများကိုလည်း တော့တင်ဟမ်တိုက်စစ်မှူးများဖြစ်သည့် ကာနုတီ၊ ဒီဖိုးနှင့် ဗိုင်ဂလာတို့က အပြည့်အဝအသုံးမချနိုင်ခဲ့ပေ။

နယူးကာဆယ်က ညာဘက်ခြမ်းမှ ပိုမိုထိုးဖောက်ကစားကာ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အလန်ရှီးယား၊ ရော်ဘတ်၊ ဖာရီနှင့်ကလွိုက်ဗတ်တို့ ဆန္ဒစောနေမှုကြောင့် ပွဲချိန်ပြီးသည်အထိ ဂိုးထပ်မံသွင်းနိုင်ခြင်းမရှိဘဲ တစ်ဂိုး–ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရပြီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ နယူးကာဆယ် တက်ရောက်နိုင်ခဲ့ခြင်းသည် ရှစ်နှစ်အတွင်း စတုတ္ထအကြိမ်မြောက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

တော့တင်ဟမ်က ယခုပွဲတွင် တစ်ပွဲတည်း အဝါကတ်အပြခံရသူ ခြောက်ဦးရှိခဲ့ရာ အက်ဖ်အေဖလား ယခုနှစ် ပွဲစဉ်၌ အဝါကတ်အများဆုံး အပြခံရသည့် အသင်းဖြစ်ခဲ့သည်။

ဘလက်ဘန်းနှင့်လက်စတာ

ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်တွင်လည်း ပုံမှန်ခြေစွမ်းမရှိဘဲ ဖြစ်နေသည့် ဘလက်ဘန်းတို့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကို အိမ်ကွင်းအီဝုဒ်ပတ်၌ လက်စတာကို အနိုင်ရရှိအောင် အသည်းအသန် ကြိုးစားခဲ့ရသည်။

ဘလက်ဘန်းတို့ ရှေ့တန်းတွင် ဒီကော့ဗ်၊ ဒေးဗစ်သောမဆင်နှင့် စတီဗင်ရိဒ်တို့ အခွင့်အရေးကောင်းများရရှိခဲ့သော်လည်း ဂိုးရရှိအောင် မဖန်တီးနိုင်သလို လက်စတာဂိုးနှင့် ၂၂ကိုက်အကွာတွင်ရရှိသည့် အလွတ်တည်ကန်ဘောကိုလည်း ပီဒါဆင်က ဂိုးဝင်အောင်မသွင်းနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်ပြီးသည်အထိ ဂိုးမရရှိခဲ့ချေ။

ပွဲချိန်အတော်များများကို ဘလက်ဘန်းတို့ ထိုးစစ်ဆင်ကစားနိုင်သော်လည်း လက်စတာဂိုးဧရိယာအတွင်း ရောက်လျှင် ပျက်သွားသည်က များလျက်ရှိရာမှ ပွဲချိန်၈၃မိနစ်တွင် ဘလက်ဘန်းတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို တိုက်စစ်မှူးဒီကော့ဗ်က သွင်းယူခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဒီကော့ဗ်၏ ယခုဂိုးသည် သူ၏ ၃၇ဂိုး မြောက်ဂိုး ဖြစ်သည်။

ယခုပွဲ ဘလက်ဘန်းအနိုင်ရရှိခဲ့ခြင်းသည် လွန်ခဲ့သည့် ၁၉၆၀ပြည့်နှစ်နောက်ပိုင်း အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းလည်း ဖြစ်ခဲ့သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ ဂျာမန်သားနှင့်ဩစတြေးလျသား ယှဉ်ပြိုင်ထိုးသတ်

ဇဝစ်ကော(ဂျာမနီ) မတ် ၁၄

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲကို ဂျာမနီနိုင်ငံ ဇဝစ်ကောမြို့၌ စနေနေ့က ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသည်။

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်(အိုင်ဘီအက်ဖ်)၏ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲတွင် ဩစတြေးလျမှ ဘော့မီရီဗစ်နှင့် ဂျာမနီမှ တီမိုဟော့ဖ်ဖီမန်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အဆိုပါအိုင်ဘီအက်ဖ်ဟဲဗီးဝိတ် ချန်ပီယံလုပွဲတွင် ဂျာမန်သား ဟော့ဖ်ဖီမန်းက ဩစတြေးလျနိုင်ငံသား မီရီဗစ်အား ၁၂ချီထိုးသတ်ခဲ့ပြီးနောက် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။

မီရီဗစ်သည် ထိုပြိုင်ပွဲတွင် အနိုင်ရနိုင်ခြေများရှိသော်လည်း ဒိုင်အမှတ်များဖြင့်ဆုံးဖြတ်ကြရာတွင် ဟော့ဖ်ဖီမန်းအား အနိုင်ပေးလိုက်ရခြင်းဖြစ်သည်။

အေပီ။

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း မတ် ၂ ရက်က စလင်းမြို့နယ် မြောက်ချောင်းဖြူကျေးရွာ တောင်သူ ဦးလှအောင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကိုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်အောင်မြို့နယ်တွင် ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများရှင်းလင်း၊ စာအုပ်မျိုးစုံလှူဒါန်း

မြန်အောင် မတ် ၅

မြန်အောင်မြို့နယ် တယ်ကုန်းကျေးရွာအုပ်စု တယ်ကုန်းရွာ အမကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ထာဝရအမွေစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသိန်းဆန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

စာအုပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀ နှင့် အလှူရှင်များက လှူဒါန်းသော စာအုပ်မျိုးစုံ ၄၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနား ကျိုင်းလပ်မြို့တွင် ကျင်းပ

ကျိုင်းလပ် မတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကန်ထရိုက်တာ ဒေါ်နန်းခမ်းလှ ကိုယ်စား ဦးမြင့်သန်းက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးလှဌေးသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်းဘွဲ့မြို့နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

လှိုင်းဘွဲ့ မတ် ၃

လှိုင်းဘွဲ့မြို့နယ် အင်းနို့သိပ္ပံကျေးရွာအုပ်စု ထော်ရွဲကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ထော်ရွဲကျေးရွာ ကျေးလက်ကျန်းမာရေးအဆောက်အအုံတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြရွှေ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစောအောင်သန်းနှင့် ရပ်မိရပ်ဖ ဦးစောဘိုးနီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ်စာအုပ် ၅၀နှင့် အလှူရှင်များထံမှ သုတ၊ ရသစာအုပ် ၁၁၀ ကို အလှူရှင်များကိုယ်စား ဦးစောဘိုးနီက ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင် ဆရာမ ဒေါ်နန်းလင်းလင်းမြင့်က လက်ခံရယူသည်။

အလားတူ ကျွန်းတောကျေးရွာ၊ စိန္တာကျေးရွာနှင့် နော်ကောကျေးရွာအုပ်စု လက်ခတ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲမြို့နယ်တွင် ကျောက်ချောလမ်းများဖွင့်

အိမ်မဲ မတ် ၂

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်း/တံတားလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှငွေကျပ် ၂၂သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၈သိန်းဖြင့် ကျောက်ချောလမ်း လေးလမ်းနှင့် ကတ္တရာ ထပ်ပိုးလွှာလမ်း တစ်လမ်း ခင်းခြင်းတို့ကို ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၇ ရက်က ကျောက်ချောလမ်း သုံးလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် လမ်းကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

သံတောင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

သံတောင် မတ် ၁

သံတောင်မြို့နယ် ပျားစခန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ငြိမ်းစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရေးဦးစွာ သံတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကိုကို၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းကြည်စိန်နှင့် ဦးမြင့်ဇော်တို့က စာကြည့်တိုက်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် သံတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းကြည်စိန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးကို ရှင်းလင်း ပြောကြားပြီး ကျေးလက်စာကြည့်တိုက်သို့ စာအုပ်မျိုးစုံ ၅၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က ထရော်စခန်းကြီးကျေးရွာအုပ်စုတွင် ကျင်းပရာ ပညာရတနာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဦးအောင်စိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

15-3 (15).p65 1 3/24/05, 12:35 PM

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ ပုသိမ်မြို့ ပဋ္ဌာနရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ ရက်က အဘိဓမ္မာစာမေးပွဲ(ပထမဆင့်)နှင့် ယဉ်ကျေးမှုစာမေးပွဲ(ဒုတိယဆင့်)တို့၌ ပထမဆုရ အလယ်တန်းပြ ဆရာမဒေါ်ငွေငွေမြင့်အား မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစံထွန်းက အောင်လက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်းတိုက် ရာပြည့်ပွဲတော်ကျင်းပ

ခနေဖြူ ဖေဖော်ဝါရီ ၂၈

နဝမရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် ရာကျော် စံကင်း ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် စံကင်းကျောက်တိုင်ရွာရှိ အတုလဂုဏ်ရောင် ဓမ္မာရုံကျောင်းတိုက်ကြီး၏ နှစ်(၁၀၀) ပြည့်ပွဲတော်ကို ဖေဖော်ဝါရီ၁၀ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကျင်းပ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ မန္တလေး အဝေရာရာမ ရန်ကင်း ဆရာတော် ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ရန်ကုန် ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တို့၏ ညတရားပွဲများ အပြင် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု မန္တလေးဝါဆို ဆရာတော်ကြီးနှင့် ပင့်သံဃာတော် ၁၃၀ကျော် ပါဝင်သော အထွတ်တင် မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ **(၀၈၅)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မော်ဇာ-မုဋ္ဌောလမ်းပေါ်ရှိ တံတားနှင့်လမ်းပြုပြင်မှုကို ဖေဖော်ဝါရီ ၂၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယ အင်ဂျင်နီယာမှူး ဦးကျော်ဆွေတို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)



မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ကျောင်းပေါင်း ၄၀ ကျော်မှသံဃာတော်အပါး ၆၀၀ ကျော်တို့အား မြို့မ ၁၀ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ယမုံနာလမ်း မိသားစုများ ဖေဖော်ဝါရီ ၁၉ ရက်က သံဃာ့ဒါနဆွမ်းလောင်းလှူကြစဉ်။ (၀၉၇)

မြေယာရှင်းအလှပြုပြင် သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပေါ်တွင် မြေယာရှင်းအလှပြုပြင်ခြင်း၊ ရာသီပန်းနှင့် အရိပ်ရပင်များပြုစုပျိုးထောင်ခြင်းတို့ကို လမ်းဘေးဝဲယာ တစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးတို့အတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကြီးကြပ်ဆောင်ရွက် ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ဂန့်ဂေါမြို့၌ ကျင်းပ

ဂန့်ဂေါ မတ် ၁

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ရေးလုပ်ငန်း ၂၀၀၅ခုနှစ် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မကွေးတိုင်းဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိန်က မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(၂၇၃)**

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှု ပန်းတနော်၌တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

ပန်းတနော် မတ် ၅

ပန်းတနော်မြို့နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု တာဝန်ပေးအပ်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်က မြို့နယ်အတွင်း ဂုန်လျှော်စီမံကိန်းလျာထားချက်များ အပြည့်အဝစိုက်ပျိုးထုတ်လုပ်ရန်အတွက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ စခန်းနယ်မြေအလိုက် တာဝန်ပေးအပ်လွှာများ ပေးအပ်ကြသည်။ **(ဝဲပုံ)**

ပန်းတနော်မြို့နယ်တွင် မိုးကြိုဂုန်လျှော်ဧက၁၀၇၀၀၊ မိုးကြိုချဉ်ပေါင်လျှော်ဧက ၆၀၀ စုစုပေါင်းဧက၁၁၃၀၀နှင့် လျှော်ပင်ခြောက် ဧက၄၀၀၀၊ လျှော်မျှင်ဧက၇၃၀၀တို့ကို စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၃၂၇)**

ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုပြပွဲ၊ ပြိုင်ပွဲကျင်းပ

ကော့မှူး မတ် ၅

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုပြပွဲ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ည ၇ နာရီက ကော့မှူးမြို့ ဗိုလ်ချုပ်လမ်း ထူးရွှေစင်ရှိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** အဆိုပါပြိုင်ပွဲသို့ အမျိုးသမီးငယ် ၁၅ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ပထမဆုရ လက်ခိုက်ကျေးရွာမှ မနန်းယုလှိုင်အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ရင်သိန်းက ပထမဆုငွေနှင့် စလွယ်များကို ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုရသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။**(က-ပ)**

မြန်မာ့အသံ

၁၆-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ခဝါသည်နှင့် ခဝါလယ်)
၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ပြောသင့်သည့်စကား- ဒေါက်တာကျော်စိန်)
၁၂:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ရဲဘော်လေး တစ်ယောက်အကြောင်း)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ပတ်ဝန်းကျင်ကို အာရုံစိုက်သော မြန်မာများ-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ(မောင်မခေါ်ပဲ)
၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ဆို၊က၊ရေး၊တီးပြိုင်ပွဲဆုရ- ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်အောင်ရဲ့ ပတ္တလားလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ဆရာတပည့် ဆက်ဆံရေးလမ်းစဉ်(မြတ်ဆုပန်ချစ်သီရိ) (၂)ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဝေါဟာရအဘိဓာန် (ဦးသိန်းခိုင် AWB)
၁၉:၁၅ စိုးအမ္ဗုန်သီချင်းကြိုးတူရိယာအဖွဲ့
၂၀:၃၀ Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ကမ်းစပ်ကခြေရာများ(၂)စီးရီး

အမှတ်(၂/A) ကန်လမ်း ရွာမအရှေ့ အင်းစိန်မြို့နယ်နေ ဒေါ်ခင်စု ၇၄ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဇြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မင်းဘူးခရိုင် ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်း

မင်းဘူး(စကု) မတ် ၁၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်းဘူး (စကု)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မင်းဘူးခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ပွဲကို မတ်၅ရက် နံနက်၇နာရီက ကျင်းပရာ မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ အမှိုက်သရိုက် ချုံနွယ်များနှင့် ရေမြောင်းများ ရှင်းလင်းတူးဖော်ကြသည်။

အခမ်းအနားသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သီမာလှိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်လွင်နှင့် အမှုဆောင်များ ဖြစ်ကြသော ဦးစိန်ရွှေမင်း၊ ဦးအောင်၊ ဦးတင်အောင်နိုင်၊ ဦးစိုးလွင်နှင့်ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာဒေါ် စန်းစန်းရီတို့က ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများဦးဆောင်၍ ဆေးရုံကြီးတွင်တက်ရောက်ကုသခံယူနေကြသော ချို့တဲ့လူနာ ၂၁ ဦးတို့အား အလှူငွေ ကျပ် ၄၂၀၀၀ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝဲပုံ)(၃၄၈)

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက်တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့်နှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒုတိယဦးစီးမှူး (ဈေး) ဦးစိုင်းဝင်း မြင့် နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများပူးပေါင်း၍ ဖေဖော်ဝါရီ၁၀ရက်က မီးသတ်ဆေးဘူးများကို စမ်းသပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံခရိုင် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

ဖျာပုံ ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)က ထောက်ပံ့သော အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)မှ ထောက်ပံ့သည့် အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀ နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့သည့် ငွေကျပ်၅၀၀၀စုစုပေါင်း ငွေကျပ် ၁၅၀၀၀အား ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးက တစ်မြို့နယ်လျှင် လုံချည်လေးထည်စီအား သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ဥက္ကဋ္ဌများကို ပေးအပ်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သဲအင်းဂူဆရာတော် တရားပွဲများ

ကျောက်ပန်းတောင်း မတ် ၇

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့ သဲအင်းဂူ အရှင်ဓမ္မသာမိ (မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီး၏ နယ်လှည့် တရားပွဲများကို မတ်၁၉ရက်မှ၂၄ရက်အထိ ရေနံချောင်းမြို့နယ် သပြေပင်ရွာတွင်လည်းကောင်း၊ မတ်၂၅ရက်မှ ၂၈ရက်အထိ ရေနံချောင်းမြို့ သံကန်ကုန်းရပ်ကွက်တွင်လည်းကောင်း၊ မတ်၃၀ရက်မှ ဧပြီ၆ရက်အထိ ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာတွင် လည်းကောင်း၊ ဧပြီ ၁၀ရက်မှ ၁၉ရက်အထိ သဲအင်းဂူဝိပဿနာရိပ်သာတွင် လည်းကောင်း၊ ဧပြီ၂၁ရက်မှ ၂၅ရက်အထိ ရေနံချောင်းမြို့ လက်မှတ်ကုန်း ရပ်ကွက်တွင် လည်းကောင်း၊ ဧပြီ၂၈ရက်မှ မေ၈ရက်အထိ ဆိပ်ဖြူမြို့နယ် အလိုတော်ပေါက် ဘုရားကြီးတွင် အဓိဋ္ဌာန်ပွဲကိုလည်းကောင်း၊ မေ ၁၄ရက်မှ ၂၅ရက်အထိ ရေနံချောင်းမြို့ ကျောက်မဆင် ရပ်ကွက်တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရမည်းသင်းမြို့အလကကျောင်း၌ နိုင်ငံသားကတ်ပြားပေးအပ်

ရမည်းသင်း မတ် ၁

ရမည်းသင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရမည်းသင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းလှအောင်က ကျောင်းအုပ်ဆရာကြီး ဦးသောင်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမှာစကားပြော

သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



ခရမ်းမြို့နယ် ပျဉ်းမကုန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်

ခရမ်း မတ် ၅

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကနှစ်လက်မစက်ရေတွင်းများကို အရှိန်အဟုန်ဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၂၆ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း (ခရမ်းမြို့နယ်တာဝန်ခံ)လှူဒါန်းသည့် ပျဉ်းမကုန်းကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်မှုကို လုပ်ငန်းခွင်အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ကျော်စိုးနှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ရေဂါလန်၁၂၀၀ထွက်ရှိ

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၆၀၀ရှိပြီး တစ်နာရီ ရေဂါလန် ၁၂၀၀ ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စက်ရေတွင်းတူးဖော်

မြင်းခြံ မတ် ၁

မြင်းခြံမြို့နယ် ကျောက်တိုင်ကျေးရွာတွင် ဖေဖော်ဝါရီ၁၄ရက်က ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလင်းလင်းထွန်းတို့က လေးလက်မစက်ရေတွင်း တူးဖော်ခဲ့ရာ အနက် ပေ ၁၆၅တွင် တစ်နာရီ ရေဂါလန် ၂၀၀၀ ထွက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (မြို့နယ်စည်ပင်)

တောင်ကုန်း၊ တောင်စောင်းများကိုပါ တီထွင်ကြံဆ အသုံးပြု စိုက်ပျိုး

❒ မြေပြန့်ဒေသများကိုသာမက ပေါ်များလှသော တောင်ကုန်း၊ တောင်စောင်းများကိုပါ စိုက်ပျိုးရေးအတွက် တီထွင်ကြံဆ အသုံးပြု၍ ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံတည်ဆောက်မည့်နေရာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းသည် လုံလောက်သောလူဦးရေရှိပြီး ရေနှင့်မြေသယံဇာတပေါကြွယ်သောတိုင်းနယ်မြေဖြစ် တက်တက်ကြွကြွ ကြံစည်ကြိုးပမ်းအားထုတ်မည်ဆိုလျှင် ပဲခူးတိုင်းသည် အမှန်တကယ်ပိုမိုတိုးတက်သွားမည်

ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz နှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ***စာမျက်နှာ ၃ ကော်လံ ၄*** ●

မြန်မာ့အလင်း

ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရေး၊ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရောက်ရှိလာပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန် အပန်းဖြေစခန်းများကို နိုင်ငံတော်တစ်ဝန်းတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိ။ **ခေါင်းကြီး (စာ-၂)**

❒ အုန်းနို့ဆိုတော့ အဆီအဆိမ့်များတယ်မို့လား၊ ညစာစားပြီးရင် ခန္ဓာကိုယ် သိပ်လှုပ်ရှားမှုမရှိတော့တဲ့အတွက်ကြောင့် စားပြီးလို့သွေးကြောထဲရောက်တဲ့အဆီဓာတ်ဟာ အနည်ထိုင်လွယ်တာပေါ့။ ဒါကြောင့် နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါရှိသူများနဲ့ သက်ကြီးရွယ်အိုများ ညအချိန် အဆီအဆိမ့် မစားသင့်။ **ဒေါက်တာလွင်ကို၏ ဆောင်းပါး (စာ-၁၀)**

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး